# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်　၂၀၁၉ ခုနှစ်၊ မတ် ၂၈ ရက်၊ ကြာသပတေးနေ့　အတွဲ (၅၈)၊ အမှတ် (၁၇၉)




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံ့ချီစိုးဝင်း စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။ သတင်းစဉ်

# (၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပ

## တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်အပ်နှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် မတ် ၂၇**

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံ့ချီစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ (၇၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့သည် စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံး ရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဇော်ဟိန်း ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး စန်းယုနိုင် ဦးဆောင်သည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❍





မြန်မာ့အလင်း

# သမိုင်းနှင့် ငြိမ်းချမ်းရေး

မြန်မာနိုင်ငံက ထင်ရှားကျော်စောသော သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက သမိုင်းသင်တာ မအအောင်လို့ဟူသည့် သမိုင်းတွင်ရစ်သောစကားရပ်ကို မြွက်ဟဖူး၏။

လူတို့၏ဘဝတွင် သမိုင်းကို လေ့လာသင်ယူခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်၏။ ထို့ကြောင့်ပင် မူလတန်းမှစ၍ သင်ရိုးညွှန်းတမ်းထဲတွင် ထည့်ကာသင်၏။ လူတို့၏ သမိုင်း၊ မိမိတို့လူမျိုး၏ သမိုင်း၊ ကမ္ဘာကြီး၏ သမိုင်း၊ နိုင်ငံတကာသမိုင်း အစရှိသည်တို့ကို ယေဘုယျအားဖြင့် နားလည်နေကြဖို့ လိုသည်ဟူသည့် သဘောထားပေါ် အခြေခံသော ပညာရေးစနစ်။

အထူးသဖြင့်တော့ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ၏ သမိုင်းကို မှန်မှန်ကန်ကန် နားလည်ကြ သိရှိကြဖို့လို၏။ ကိုယ့်ဇာစ်မြစ်ကို မှန်မှန် ကန်ကန်သိခြင်းက ကိုယ့်ဘဝကိုယ် မှန်မှန်ကန်ကန် နားလည်ခြင်းဖြစ်ပြီး ကိုယ့်အနာဂတ်ခရီးကို မှန်မှန်ကန်ကန် ရွေးချယ်လျှောက်လှမ်းနိုင်ရေးဖြစ်၏။

ကိုယ့်သမိုင်းကိုယ် အမှန်အတိုင်း မသိခြင်း၊ နားမလည်ခြင်းသည် လူတို့ကို လူနုံလူအဘဝကို ရောက်စေမည်။ လူနုံလူအ ဟူသည် ဘဝကို တိုးတက်မြင့်မားအောင်လုပ်နိုင်မည်မဟုတ်။ လူနုံလူအတို့သည် မိဘဘိုးဘွားတို့၏ မည်သို့သော ကြွယ်ဝချမ်းသာမှုကို အမွေဆက်ခံထားသည် ဖြစ်စေ ဆင်းရဲတွင်းသို့ နစ်ကာတိုးဝင်နေတတ်ကြ၏။

နိုင်ငံအနေဖြင့် ပြောရလျှင် မြန်မာတို့က ပဒေသရာဇ်ခေတ်များအတွင်း ဘုရင်အမျိုးမျိုး၏ လက်အောက်တွင် ကောင်းချည်တစ်ခါ ဆိုးချည်တစ်လှည့်ဖြင့် သမိုင်းကို ဖြတ်သန်းခဲ့ကြရသည်။ စနစ်က ပဒေသရာဇ်စနစ်ဖြစ်သည့်အတွက် ပြည်သူလူထုကို ညှာတာသည့် ဘုရင်လက်ထက်တွင် ပြည်သူတို့ သက်သာရာရမည်ဖြစ်ပြီး၊ ကြမ်းကြုတ်သည့် ဘုရင်လက်ထက်တွင် ပြည်သူတို့ မသက်သာဖြစ်မည်။ လောဘဇောတက် စည်းစိမ်ခံလွန်းသော ဘုရင်များလက်ထက်တွင် နိုင်ငံဆင်းရဲမွဲတေလာမည်ဖြစ်ပြီး မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည့် ဘုရင်များလက်ထက်တွင် နိုင်ငံတိုးတက်မည်ဟု ခန့်မှန်းသိရှိနိုင်ကြမည် ဖြစ်ပါသည်။

နောက်တော့ ကိုလိုနီခေတ်။ နိုင်ငံခြားသားတို့က မိမိတို့နိုင်ငံ၏ သယံဇာတ အရင်းအမြစ်များကို အများဆုံးရယူမည်။ မိမိတို့နိုင်ငံသားများက အကြွင်းအကျန် အရိုးအရင်းကို ရမည်။ ဖက်ဆစ်ခေတ်မှာ မိမိတို့နိုင်ငံကို နယ်ချဲ့ရုံမျှမက နိုင်ငံ၏ သယံဇာတတို့ကို ထုတ်နုတ်သိမ်းပိုက်ကာ ပြည်သူတို့ကို နှိပ်စက်မည်။ လက်အောက်ခံဘဝ ကျရောက်ရသည့် နိုင်ငံသားများအပေါ် ရက်စက်ရန် နည်းနည်းလေးမှ ဝန်လေးမည်မဟုတ်သည့် လက်ရဲဇက်ရဲများ ဖြစ်မည်။

သည်တော့နယ်ချဲ့နှင့် ဖက်ဆစ်စနစ်ကို ပြည်သူတို့ တညီတညွတ်တည်း တော်လှန်ခဲ့ကြသည်မှာ ရိုးရှင်းလှသော သမိုင်းဟုဆိုရပါမည်။ ဖက်ဆစ်တော်လှန်ရေးသည် ပြည်သူ့တော်လှန်ရေးကြီး။

လွတ်လပ်ရေးရပြီးခေတ် ပါလီမန်ဒီမိုကရေစီခေတ်ဆိုသည်မှာ ကိုယ့်မင်းကိုယ်ချင်းကို ပြန်လည်ရရှိပြီး နယ်ချဲ့သမားထားခဲ့သည့် စနစ်များအတွင်းမှ ဖြစ်နိုင်သမျှ ရနိုင်သမျှ ကောင်းဆိုးခွဲခြားရင်း ပြန်လည်ထူထောင်ကြရသည့်ခေတ်။ အောင်မြင်တာတွေလည်းရှိ၊ ကျဆုံးတာတွေလည်းရှိခဲ့သည့်ခေတ်။ သို့သော်လည်း ကိုလိုနီလက်အောက်က လွတ်လာစအချိန်၊ အများစုသောခေါင်းဆောင်များရော ပြည်သူများကပါ တိုင်းကျိုးပြည်ကျိုးအတွက် စေတနာထားခဲ့ကြသူများ။ ထို့ကြောင့်လည်း အရှေ့တောင်အာရှမှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အဘက်ဘက်လိုလိုတွင် ဦးဆောင်မှုအခန်းမှာ ရှိခဲ့ကြသည်။

တော်လှန်ရေးကောင်စီတက်လာသည့်အခါ ဒီမိုကရေစီစနစ်၏ အနှစ်သာရ စတင်ပျက်စီးခဲ့ရ၏။ နှစ်ကြာလာသည်နှင့်အမျှ ဒီမိုကရေစီ တဖြည်းဖြည်းချင်း ဆိတ်သုဉ်းလာခဲ့ပြီး နိုင်ငံက ဆင်းရဲမွဲတေ လာခဲ့သည်။ နောက်ဆုံးတွင် မခံရပ်နိုင်ကြသော ပြည်သူတို့ လမ်းမများပေါ်သို့ထွက်ကာ ၁၉၈၈ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးကို ဆင်နွှဲခဲ့ကြသည်။

နောက်တစ်ကြိမ် အာဏာသိမ်းမှုနှင့် ကြုံကြိုက်ရပြန်ရာ ဒီမိုကရေစီမှောင်ကြီးကျသည့်ခေတ်နှင့်အတူ နိုင်ငံ၏ သယံဇာတဆုံးရှုံးမှုများကလည်း မည်သည့်ခေတ်နှင့်မတူ ပြုတ်ပြုတ်ပြုန်းခဲ့ရသည်။

ယနေ့ကာလက ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ အခြေကျနိုင်အောင် နိုင်ငံတွင်း ဒီမိုကရေစီအခြေခံအုတ်မြစ်ကို ခိုင်မာအခြေကျအောင် တည်ဆောက်နေရချိန်။ တစ်ပြိုင်နက်တည်းတွင် ဆင်းရဲတွင်းက လွတ်မြောက်ရေး နိုင်ငံတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ပြန်လည်ထူထောင်နေရချိန်ဖြစ်၏။

သည်လိုအနေအထားမှန်ကို နိုင်ငံရေးခေါင်းဆောင်များရော ပြည်သူတို့ကရော အမှန်အတိုင်းသိမြင်ကြဖို့လိုပါမည်။ အားလုံး၊ အထူးသဖြင့် နိုင်ငံရေးအင်အားစုများ မညီညွတ်ဘဲ မဖြစ်နိုင်၊ ပြည်တွင်း ပဋိပက္ခများကို ဖြေရှင်း၍ ငြိမ်းချမ်းရေးမရယူဘဲ မဖြစ်နိုင်ဟူသည်ကို နားလည်ကြဖို့ အလွန်အရေးကြီးပြီဟု ယူဆပါကြောင်း။ ။




## သကြ်န်ကာလအတွင်း မှုခင်းလျော့နည်းစေရေး အသိပညာပေး

**ပျော်ဘွယ် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဖြိုးမောင်နှင့်အဖွဲ့သည် ရှမ်းပွဲရပ် သာသနာ့ဗိမာန်သို့ မတ်လ တတိယပတ်က ရောက်ရှိလာပြီး သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေးအတွက် အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုဖြစ်ပွားလေ့ရှိသော အခြေအနေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာနှင့် သင်္ကြန်ကာလတွင် မှုခင်းများ မဖြစ်ပွားစေရေး အသိပညာပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## အားကစားနှင့် ကာယပညာဦးစီးဌာန Physical Fitness Dance ပြိုင်ပွဲ ဒုတိယဝန်ကြီး တက်ရောက်အားပေး

**နေပြည်တော် မတ် ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ကြီးရုံး (အားကစား) နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဌာနခွဲများ၏ ၂၀၁၉ ခုနှစ် Physical Fitness Dance ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးအစီအစဉ် ပြုလုပ်ရခြင်း အဓိကရည်ရွယ်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံးကို အမျိုးသားရေးအသိစိတ်၊ ကျန်းမာရေးအသိအမြင်များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်ကြရမည့် တာဝန်ရှိကြောင်း၊ ယခုဆိုလျှင် Physical Fitness Dance လှုပ်ရှားမှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအစီအစဉ်များကို ပင်ကိုကျန်းမာရေးအသိစိတ်နှင့် စဉ်ဆက်မပြတ်လှုပ်ရှားဆောင်ရွက်ကြရန် လိုကြောင်း၊ ပြိုင်ပွဲပြီးသွားလျှင်လည်း နေ့စဉ် လှုပ်ရှားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။


ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ပြိုင်ပွဲ၌ ဆုရရှိသူများကို ဆုချီးမြှင့်ပေးစဉ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ ဝန်ကြီးရုံး (အားကစား) အပါအဝင် ဌာနခွဲရှစ်ခုမှ ကျား ခုနစ်သင်း၊ မ ၁၄ သင်း အသင်းများ၏ Physical Fitness Dance ယှဉ်ပြိုင်နေကြပုံများကို ကြည့်ရှုအားပေးခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုင်းတုံ၌ တစ်နှစ်တွင် တစ်ရက်သာကျင်းပသည့် စော်ဘွားဈေးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျိုင်းတုံ မတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တစ်နှစ်တွင် တစ်ရက်သာ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနှင့်အညီ ကျင်းပသည့် စော်ဘွားဈေးနေ့ကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

"ဒီနေ့က ကျိုင်းတုံမြို့မဈေးကြီးပိတ်ပြီး စော်ဘွားဈေး၊ ဈေးဟောင်းမှာ အနယ်နယ်အရပ်ရပ်က ကျွန်မတို့လို ဈေးသည်တွေ လာရောက်ရောင်းချနေကြတာပါ။ လာရောက်ဈေးဝယ်တဲ့သူတွေကလည်း ဒီနေ့ဝယ်တဲ့ ပစ္စည်းက တစ်နှစ်လုံးအတွက် လာဘ်လာဘကောင်းတယ်လို့ ယုံကြည်နေကြတယ်လေ။ နောက်ပြီး ငါးရက်ဈေးနေ့နဲ့ တစ်ရက်တည်း သတ်မှတ်လိုက်တော့ ဈေးဝယ်သူကော၊ ဈေးရောင်းသူပါ အလွန်စည်ကားနေတာပါ"ဟု စော်ဘွားဈေးနေ့ လာရောက်ရောင်းချသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ကျိုင်းတုံမြို့တွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် စော်ဘွားဈေးနေ့ (ဈေးဟောင်းနေ့)နေ့ကို တစ်နှစ်တစ်ကြိမ် ရက်ကောင်းရွေးချယ်ကာ ကျင်းပသည့်အပြင် ကျိုင်းတုံမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာဒေသများတွင်လည်း ငါးရက်တစ်ဈေးနေ့ကို ရွာစဉ်အလိုက် ဈေးနေ့များပြုလုပ်၍ ရောင်းဝယ်ဖောက်ကားခြင်းများ ပြုလုပ်ကြသည်။

စော်ဘွားဈေးနေ့ကို မတ် ၂၇ ရက် နံနက် ၅ နာရီခန့်တွင် စတင်၍ ဒေသထွက် အသီးအနှံများ၊ အစားအစာများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို မဟာမြတ်မုနိဘုရားကြီးကနေ ဈေးတန်းကြီးလမ်းအတိုင်း၊ တာယော်လမ်း၊ ပါလျှံတံခါးလမ်းဆုံမှ ကျိုင်းလန်းလမ်းအကွေ့၊ လွိုင်မွေလမ်း၊ စော်ဘွားအောင်မြေနတ်နန်းနှင့် စော်ဘွားသင်္ချိုင်းဟောင်းတို့တွင် သတ်မှတ်နေရာများ၌ ဆိုင်ခန်းများ ခင်းကျင်းပြီး မွန်းတည့် ၁၂ နာရီခန့်အထိ ရောင်းဝယ်ဖောက်ကားကြသည်။

အဆိုပါနေ့ရက်တွင် ပါလျှံတံခါးတစ်ဝိုက်၌ ယဉ်ကျေးမှု အဆို၊ အက၊ အတီးများ၊ စတုဒိသာကျွေးခြင်း၊ ယဉ်ကျေးမှုဝတ်စုံ ဆင်မြန်းလာသူများကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခြင်းများ၊ သင်္ချိုင်းဟောင်းနှင့် အောင်မြေနတ်နန်းတို့တွင် စော်ဘွားအဆက်ဆက်အရိုးအိုးများ မြှုပ်နှံရာ အုတ်ဂူရှစ်ခုတွင် သစ်သီး၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ပူဇော်ပသကြကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**


ကျိုင်းတုံမြို့ စော်ဘွားဈေးနေ့တွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

○ *ရှေ့ဖုံးမှ*

အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် အနော်ရထာ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မြင့်ထွန်းနိုင် ဦးဆောင်သည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သား စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ထွန်းလူ ဦးဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ (၁) တို့ ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင်စိုး ဦးဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) (အမျိုးသမီး)ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) (အမျိုးသမီး) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် အောင်ဇေယျ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ဇော်ဇော်ထွန်း




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိပ်ပျံချိုစိုးဝင်း ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**
သတင်းစဉ်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ စစ်ရေးပြစစ်ကြောင်းများအား ဂုဏ်ပြုပန်းကုံးများ စွပ်၍ ကြိုဆိုကြစဉ်။**
သတင်းစဉ်

ဦးဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်းတိုင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာန ချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေး ပြတပ်ခွဲ(၁) တို့ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးခိုင် ဦးဆောင်သည့် လေကြောင်းချီကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲတို့ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ရဲမှူးကြီး ဥက္ကာကို ဦးဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (အမျိုးသမီး) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ (၁)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသား) ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)ကိုယ်စားပြု စစ်ရေး ပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၃) တို့ပါဝင်သည့် မြဝတီစစ်ကြောင်းတို့သည် စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စုရပ်မှ စစ်ရေးပြကွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

**ဂုဏ်ပြုပန်းကုံးများစွပ်**

ထိုသို့ ချီတက်ချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ၏ ဇနီး ဒေါ်သက်သက်အောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး ဒေါ်သန်းသန်းအေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ၏ဇနီး ဒေါ်အောင်မာမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

**သံပြိုင်ဟစ်ကြွေး**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။ ထိုကဲ့သို့ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၂၄၃၈ ဦးတို့သည် ဇာတိသွေး၊ ဇာတိမာန် အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

အဆိုပါ (၇၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့်တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အငြိမ်းစားအရာရှိကြီးများ၊ လွှတ်တော်ကော်မတီများမှဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ ၂၀၁၈ ခုနှစ်တွင် သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ /တံဆိပ်ရရှိခဲ့ကြသောအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)

*စာမျက်နှာ ၄ သို့*



**တပ်မတော်စစ်ရေးပြ စစ်ကြောင်းကြီးများ ချီတက်လာစဉ်။**
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့စစ်နှင့်နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းများမှ အုပ်ချုပ်သူနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများနှင့် ဆိတ်ဖူးတောင်ပရဟိတ တိုင်းရင်းသားလူငယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### လိုက်လံစစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံ့ချို စိုးဝင်းသည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) အား အလေးပြုကြသည်။ ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံ့ချို စိုးဝင်းသည် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။ ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာ ရွတ်ဆိုကြသည်။

### သမားရိုးကျစစ်ပွဲများဆင်နွှဲနိုင်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က မိန့်ခွန်းပြောကြားရာတွင် မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံ၊ လူမျိုး၊ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အတွက် ကာကွယ်ရေးစွမ်းအား (Defence Capability) တည်ဆောက်ခြင်း၊ ကာကွယ်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း (Defence Modernization) တို့ကို ဖော်ဆောင်ပြီး သမားရိုးကျစစ်ပွဲများကို ဆင်နွှဲနိုင်သည့် ခေတ်မီတပ်မတော် (Standard Army) အဖြစ် တည်ဆောက်လျက်ရှိကြောင်း။

ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်သည့်အခါတွင် အဓိကကျသည့် စစ်အသုံးအဆောင်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုစသည့်ကဏ္ဍ ၃ ရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာအယူအဆများနှင့် ပုံသဏ္ဌာန်များ၊ စစ်လက်နက်အသစ်အဆန်းများ၊ စစ်ဘက်နည်းပညာဖွံ့ဖြိုးမှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေရန်လည်းလိုအပ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍မရနိုင်သည့်အပြင် စစ်၏သဘောသဘာဝအရ ကြိုတင်ပြင်ဆင်မှုများကောင်းမွန်မှသာ စစ်ပွဲကို အောင်နိုင်မည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်းနှင့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို ဟန်ချက်ညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလစစ်ပွဲများတွင် စစ်နည်းဗျူဟာကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရွန်နစ်နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏ အနိုင်၊ အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိကြောင်း၊ နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့် စစ်နည်းဗျူဟာများနှင့် စစ်လက်နက်ပစ္စည်းများကို ခေတ်နှင့်အညီ ကျွမ်းကျင်စွာအသုံး ချနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ကျွမ်းကျင်စွာအသုံးချသွားနိုင်ရန်အတွက်လည်း ပညာရည်မြင့်မားရန်လိုအပ်သည့်အတွက် တပ်မတော်သားအားလုံး ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

### အလေးထားဆောင်ရွက်

တပ်မတော်သားများသည် "အလိမ္မာ စာမှာရှိ" ဆိုသည့်အတိုင်း မိမိကိုယ်ကိုယ်ထိန်းကျောင်းပြုပြင်နိုင်ရန်၊ အတွေးအခေါ်နှင့် အသိပညာ ဗဟုသုတများရရှိစေရန်တို့အတွက် တန်ဖိုးရှိသည့် သုတ၊ ရသ စာပေများကိုလည်း အမြဲမပြတ်ဖတ်ရှုလေ့လာရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် အဓိက အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုလိုနီဘဝက နယ်ချဲ့များကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် လူမျိုးရေးအရ၊ အယူဝါဒရေးအရ၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုများပေါ် အခြေခံသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ယနေ့အချိန်အထိ ဖြစ်ပွားလျက်ရှိကြောင်း၊ နှစ်ပေါင်း (၇၀) ကျော် လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ကြောင့် ဒေသတွင်းနိုင်ငံများအကြားတွင် ဖွံ့ဖြိုးမှုအရှိန်အဟုန်များလည်း နှောင့်နှေးခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးကို မိမိတို့နိုင်ငံ၏ဦးစားပေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အယူဝါဒရေးရာအရကွဲပြားမှုနှင့် တိုင်းရင်းသားရေးရာအရ အမြင်လွဲမှားမှုများကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဥပဒေဘောင်အတွင်းမှ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းကို အခြေခံပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### မှန်မှန်ကန်ကန်လျှောက်လှမ်း

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အမြန်ဆုံးရရှိခံစားနိုင်ကြရန်အတွက် NCA မှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆွေးနွေးပြီး ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်သည်အထိ တစ်ဆင့်ချင်း Time Frame သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့်ကာလတွင် နားလည်မှုလွဲမှားစေနိုင်သည့် ကိစ္စများကိုရှောင်တန်းတင် တောင်းဆိုလာမှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်မသက်ဆိုင်သည့် ကိစ္စများကို ဆွဲသွင်းလာခြင်းများ မပြုလုပ်ရန်လိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NCA မူဘောင်နှင့်အညီ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ဒီမိုကရေစီလမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန် လျှောက်လှမ်းရန် လိုအပ်မည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်နေ့အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတို့တွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံး ရပ်ဆိုင်းပေးခဲ့သည်ကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း။

### လမ်းဖွင့်ပေးခဲ့ခြင်းပင်ဖြစ်

တပ်လှုပ်ရှားမှုရပ်ဆိုင်းထားသည့် ကာလအတွင်းတွင် စစ်ဆင်ရေးနယ်မြေအလိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားရန်အတွက် လမ်းဖွင့်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့်ကာလအတွင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေသည့် လုပ်ရပ်များဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ဖြစ်စေ၊ တပ်မတော်၏ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့်ဖြစ်စေ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းများ အမြန်ဆုံးပြုလုပ်သွားကြရန် ထပ်မံပြောကြားလိုကြောင်း။

### ပူးပေါင်းပါဝင်ရန်လို

ယခုသွားနေသည့် ငြိမ်းချမ်းရေးလမ်းကြောင်းသည် တဒင်္ဂငြိမ်းချမ်းရေးရရုံမဟုတ်ဘဲ "ထာဝရငြိမ်းချမ်းရေး" ရရန် စနစ်တကျ ဦးတည်လျှောက်လှမ်းနေခြင်း ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးစစ်မှန်သည့် စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ အတိတ်ကို လက်ညှိုးထိုးပြောဆိုနေမည့်အစား သင်ခန်းစာရယူပြီး ပြည်ထောင်စုသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် ကိုယ့်တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်မှုက အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး၊ တိုင်းရင်းသားပြည်သူလူထုက လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့အရောက်အပ်နှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ အတွေ့အကြုံများအရ *စာမျက်နှာ ၅ သို့*



(၇၄) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြစဉ်။ သတင်းစဉ်



တပ်မတော်စစ်ရေးပြ စစ်ကြောင်းကြီးများ ချီတက်လာစဉ်။ သတင်းစဉ်




**(၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ တက်ရောက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၄ မှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိသည့် နယ်မြေနှင့်ဆက်စပ်နယ်မြေအချို့တွင် တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲများဖြစ်ခဲ့ရသည်ကို တွေ့ရသည့်အတွက် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာစေရန်၊ မတရားမှုများ မဖြစ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရဆောင်ရွက်သင့်သည်များ ဆောင်ရွက်ကြရန် ထပ်မံပြောကြားလိုကြောင်း။

**ဆက်လက်တာဝန်ယူပေးလျက်ရှိ**

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးအကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့်အတွက် နယ်မြေတည်ငြိမ်မှုပျက်ပြားပြီး ဒေသခံတိုင်းရင်းသားများ အတိဒုက္ခရောက်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေအေးချမ်းမှုရှိစေရန် အကြမ်းဖက်မှုနှိမ်နင်းရေး (Counter - Terrorism)နှင့် တည်ငြိမ်မှုစစ်ဆင်ရေး (Stability Operation) များကို ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူလူထုကို အကာအကွယ်ပေးခဲ့ရကြောင်း၊ နယ်မြေတည်ငြိမ်မှု ပြန်လည်ရရှိပြီးဖြစ်သည့် ကျေးရွာများတွင် အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်မှုမရှိစေရေး၊ ARSA အကြမ်းဖက်သမားများကျူးကျော်ဝင်ရောက်လာမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဆက်လက်တာဝန်ယူပေးလျက်ရှိကြောင်း။

ထိုကဲ့သို့အခြေအနေမျိုးတွင် နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ပြီး ARSA အကြမ်းဖက်အဖွဲ့အန္တရာယ်မှ ကာကွယ်ပေးနေသည့် နယ်ခြားစောင့်ရဲကင်းစခန်း ၄ ခုအား AA အဖွဲ့က ယခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် ရဲကင်းစခန်းများကို ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်ခြင်းသည် အုပ်ချုပ်ရေးယန္တရားအား နှောင့်ယှက်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေခြင်းဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် ထိထိရောက်ရောက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း၊ ပြင်ပ ပယောဂကြောင့်တည်ငြိမ်မှုပျက်ပြားခဲ့သည့်ရခိုင်ပြည်နယ်မြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေချိန်တွင် AA အဖွဲ့၏ အကြမ်းဖက်လုပ်ဆောင်မှုသည် ဒေသတွင်းပြည်သူများ၏ ဒေသအကျိုးစီးပွားကိုသာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်အနေဖြင့် မည်သည့် လက်နက်ကိုင်သောင်းကျန်းသူမဆို ရှင်းလင်းရမည်ဖြစ်ကြောင်း။

တပ်မတော်သားတိုင်းသည် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှု၊ အထက်အောက် အပြန်အလှန်လေးစားမှုများနှင့် စစ်သားကောင်းစိတ်ဓာတ်မွေးမြူပြီး အားလုံးစည်းစည်းလုံးလုံးနေထိုင်ကြရမည်ဖြစ်ကြောင်း၊ တပ်တည်မြဲမိန့်များ၊ တိုက်တွန်းချက်၊ တားမြစ်ချက်စည်းကမ်းများကို အလေးအနက်ထားလိုက်နာဆောင်ရွက်ပြီး မိမိတို့ကျင့်သုံးရမည့် ကျင့်ဝတ်ခြောက်ဆယ်ပါ အချက်များအတိုင်း လိုက်နာကြမည်ဆိုလျှင် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ အလားတူ တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင်လည်း စစ်သည်တော်ကျင့်ဝတ်များနှင့်အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူက အားကိုး၊ နိုင်ငံတော်ကအားထားရသည့် တပ်မတော်ဖြစ်အောင်အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစပြီး ခေတ်အဆက်ဆက်တွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အပြင် လက်ရှိကာလ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စနစ်တကျဖြစ်စေရန်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနာဂတ်ကာလတွင်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



**ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ်ပေါ်မှ မြေပြင်ပေါ်သို့ ဆင်းသက်ကြပြီး စစ်ရေးပြစစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်စဉ်။** သတင်းစဉ်

**ပြန်လည်ထွက်ခွာ**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချို စိုးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဇော်ဟိန်း ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

**မြေပြင်ပေါ်သို့ဆင်းသက်**

ထိုသို့ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် တပ်မတော်အလံအား အသီးသီးချိတ်ဆွဲ၍ အစဉ်လိုက်ပျံသန်းကြသည်။ အထူးတာဝန်တပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲမှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ရေ)၊ ရေတပ်စစ်ဆင်ရေး အထူးတပ်ဖွဲ့ (Navy SEALs)မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ်များပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့အသီးသီး ဆင်းသက်ကြပြီး စစ်ရေးပြစစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ကြသည်။

ထို့နောက် တပ်မတော်(လေ)မှ အမျိုးအစားမတူ တိုက်ခိုက်ရေး ရဟတ်ယာဉ်သုံးစင်းက အမျိုးအစားမတူ အုပ်ဖွဲ့လျက် ပုံစံဖြင့် လည်းကောင်း၊ အမျိုးမစားမတူ အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်လေးစင်းက အမျိုးအစားမတူအုပ်ဖွဲ့လျက်ပုံစံဖြင့်လည်းကောင်း၊ အမောင်းသင်လေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ အလတ်စား သယ်ယူပို့ဆောင်ရေးလေယာဉ်သုံးစင်းက Vic Formation ပုံစံဖြင့် လည်းကောင်း၊ အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်သုံးစင်းက Vic Formation ပုံစံဖြင့် စစ်ရေးပြကွင်း အရှေ့တောင်ဘက်မှ အနောက်မြောက်ဘက်သို့လည်းကောင်း၊ အပေါ့စား အမောင်းသင်ဂျက်တိုက် လေယာဉ် ခြောက်စင်းက Arrow Head Formation ပုံစံဖြင့် ပျံသန်းပြီး ရောင်စုံမီးခိုးများ လွှင့်ထုတ်၍လည်းကောင်း၊ အဆင့်မြင့်လေ့ကျင့်ရေး ဂျက်တိုက်လေယာဉ်ငါးစင်းက Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်လေးစင်းက Right Finger Tip Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံးအပေါ့စား ဂျက်တိုက်လေယာဉ် သုံးစင်းက Vic Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ်ငါးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ်ငါးစင်းက Fam-break ပုံစံဖြင့် ပျံသန်းပြီး မီးကျည်များပစ်လွှတ်၍လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား အလေးပြုကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချို စိုးဝင်းသည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားပြီး ၂၀၁၉ ခုနှစ် (၇၄)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၉ခုနှစ် (၇၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၇၄) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်ကြီးကို လည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ရေ၊လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွှင့်ထူထားကြသည်တို့ကိုလည်း တွေ့မြင်နိုင်သည်။

**တပ်မတော်၏ ဆောင်ပုဒ်များ**

ထို့ပြင်(၇၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုရပ်သစ်တပ်စစ်ရေးပြကွင်းအနီးရှိ ရန်ကုန်- မန္တလေးကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များအား မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိသည်။ (၇၄)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကလည်း စိတ်ပါဝင်စားစွာဖြင့် လာရောက်သတင်းရယူခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ဂါရဝပြု ကန်တော့သည့် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၇**

(၇၄)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂါရဝပြုစကားပြောကြားပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တက်ရောက်လာကြသူများက တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ(ငြိမ်း)နှင့် ဗိုလ်ချုပ်ကြီး သိန်းစိန်(ငြိမ်း)တို့က သြဝါဒစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော် အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီးတို့နှင့်အတူ ဘုရင့်နောင်ရိပ်သာတွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိသော(၇၄)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိများထံ သွားရောက်၍ တစ်ဦးချင်းစီ လိုက်လံတွေ့ဆုံပြီး ဂါရဝပြု နှုတ်ဆက်စကားပြောကြား၍ လိုအပ်သည်များကို



(၇၄)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့သည့် လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ရရှိသူ စုစုပေါင်း ၂၁ ဦးနှင့် အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များ၊ ဆွေမျိုးများအား ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နှုတ်ဆက်ဂါရဝပြုစကား ပြောကြားပြီး အားဖြည့်ဌက်သိုက်ရည်များနှင့် ဂါရဝပြုငွေများအား တစ်ဦးချင်း ဂါရဝပြုပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဇော်ဟိန်း ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် (၇၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက စံပြတပ်ခွဲ တတိယဆုရရှိသော အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲအားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဗိုလ်ချုပ်ကြီး မြထွန်းဦး စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မော်ကျွန်း၌ တပ်မတော်နေ့အထိမ်းအမှတ် ဘိုးဘွားများအားဆေးဝါးလှူဒါန်း

**မော်လမြိုင်ကျွန်း မတ် ၂၇**

၂၀၁၉ ခုနှစ် (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အဖြစ် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ မော်လမြိုင်ကျွန်းမြို့ အမှတ် ၁၂ ရပ်ကွက် ချမ်းမြေ့ဘိုးဘွားရိပ်သာအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မတ် ၂၇ ရက် နံနက် ၈ နာရီက ချမ်းမြေ့ဘိုးဘွား ရိပ်သာ၌ ပြုလုပ်သည်။

ယင်းသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ပွဲတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ တပ်ကြပ်ကြီးသိန်းမောင် (ငြိမ်း)နှင့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၅၀တို့က ချမ်းမြေ့ဘိုးဘွားရိပ်သာ အတွင်းအပြင်ရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၁၇ ဦးအတွက် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့က ဆေးဝါးပစ္စည်းများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် (၇၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် မတ် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်မှုထမ်းဟောင်း ရုံးခန်းမတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များအား နံနက်စာဖြင့်ဧည့်ခံကျွေးမွေးကြသည်။



မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ဘိုးဘွားများအား ဆေးဝါး လှူဒါန်းစဉ်။

**မော်ကျွန်း-မြင့်အောင်**

# ကျောက်ပန်းတောင်း၌ တပ်မတော်နေ့အားဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေးပရဟိတ အမှိုက်ကောက်အဖွဲ့တို့ ပူးပေါင်း၍ (၇၄)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မတ် ၂၇ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၇၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်းနိုင် ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၂ ဦး၊ ပုပ္ပားရဲတပ်ဖွဲ့စခန်းမှ ရဲအုပ် ဂျူးလီယိုနှင့် တပ်ဖွဲ့ဝင် ၁၂ ဦး၊ တောင်ကလပ် ငြိမ်းချမ်းရေးပရဟိတ အမှိုက်ကောက်အဖွဲ့မှဥက္ကဋ္ဌ ဦးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင် ၃၀ ၊ ပုပ္ပားမီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်သုံးဦး စုစုပေါင်း ၅၇ ဦး တို့သည် နံနက် ၈ နာရီမှစတင်၍ ပုပ္ပားတောင်ကလပ်ရွှေဝန်းခြံ အနီးဝန်းကျင်၊ရွှေဂူချောင်အနီးဝန်းကျင်နှင့် နဂါးစောင်းတန်းရှိ ဈေးဆိုင်တန်းများတွင် စွန့်ပစ်အမှိုက်များ၊ ပလတ်စတစ်ဘူးခွံများကို နံနက် ၁၁ နာရီအထိ လိုက်လံကောက်ယူသိမ်းဆည်းကြပြီး၊ ဗျတ္တပန်းဆက်လမ်း အနီးရှိ သတ်မှတ်အမှိုက်ကျင်းတွင် သွားရောက်စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပုပ္ပားတောင်ကလပ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေစဉ်။

**နေအောင်(မြန်/ဆက်)**

# (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၇**

၂၀၁၉ ခုနှစ် (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားအား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်ကြသည်။ ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ညှော်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့အနုပညာရှင်များနှင့် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "နာရီတစ်ရာ့တစ်ဆယ်"ဇာတ်လမ်းမှ အနုပညာရှင်များက တေးသံသာများဖြင့် ညှော်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမ၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီအငြိမ့်အဖွဲ့၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများနှင့် မြန်မာသိုင်းအဖွဲ့ဝင်များက မြန်မာသံစုံတီးဝိုင်း၊ နိုင်ငံတကာသံစုံတီးဝိုင်းများ တီးမှုတ်၍ အဆို၊ အက၊ မျက်လှည့်များဖြင့် သီဆိုဖျော်ဖြေကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# (၇၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

**နေပြည်တော် မတ် ၂၇**

(၇၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "နာရီတစ်ရာ့တစ်ဆယ်"ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကား



ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက "နာရီတစ်ရာ့တစ်ဆယ်" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာ၊ တွဲဖက်ဒါရိုက်တာနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးက ရုပ်ရှင်သရုပ်ဆောင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မြင့်မော်က (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ချီသီချင်းပြိုင်ပွဲ၊ စစ်သည်တေးသီချင်းပြိုင်ပွဲ၊ ကဗျာတို (ဝါသနာရှင်)ပြိုင်ပွဲ၊ ကဗျာတို(အလွတ်တန်း) ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်သည်။

ယင်းနောက် စာမူပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီက ကဗျာရှည် (ဝါသနာရှင်)ပြိုင်ပွဲ၊ ကဗျာရှည်(အလွတ်တန်း)ပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲ၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ဆုရရှိကြသူတို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# (၇၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ ကျင်းပ

**ရန်ကုန် မတ် ၂၇**

(၇၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)တွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသား ပြည်သူအပေါင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ကြသည်။

ယင်းနောက် သဘာပတိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက အမှာစကားပြောကြားရာတွင် "ဒီနေ့ ကျင်းပတဲ့ အခမ်းအနားဟာ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ တပ်မတော်သားများ သွေးစည်းညီညွတ်စွာနဲ့ ဖက်ဆစ်ဝါဒီများကို အောင်မြင်စွာ ဆန့်ကျင်အောင်ပွဲဆင်ခဲ့တဲ့ (၇၄) နှစ်မြောက် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးနေ့ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုအားလုံး ဖွဲ့နပဲရှိရှိ၊ သတ္တိရှိရှိနဲ့ အချိန်ကာလတိုအတွင်း အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းကြောင့်လည်း တစ်မျိုးသားလုံးမွတ်သိပ်တောင့်တနေခဲ့ကြတဲ့ အမျိုးသားလွတ်လပ်ရေးကြီးကို ဂုဏ်ယူဝင့်ကြွားစွာ အရယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ဒီနေ့မှာ တော်လှန်ရေးနေ့ (၇၄)နှစ်တာကာလကို ရောက်လာခဲ့ပါပြီ။ တော်လှန်ရေးနေ့က ပေးလိုက်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တွေ ဆက်လက်ရှင်သန်အောင် ကျွန်တော်တို့ ကြိုးစားကြရပါမယ်။ တိုင်းရင်းသားအချင်းချင်း ဥမကွဲသိုက်မပျက်၊ အေးအတူ ပူအမျှ ရုန်းကန်ခဲ့ကြတဲ့ ဖြစ်စဉ်ကောင်းများသို့မဟုတ် ပင်လုံစိတ်ဓာတ်ကို ဆက်လက်အစွန့်ရှည်အောင် ကြိုးပမ်းကြရပါလိမ့်မယ်။

"ဒါကြောင့် ကျွန်တော်တို့ဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်စစ်တော်လှန်ရေးနဲ့အတူ အစဉ်အလာကြီးမားလာခဲ့တဲ့ တပ်မတော်ရဲ့အခန်းကဏ္ဍကို ဂုဏ်ယူကြသလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံကို လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုကိုလည်းကောင်း၊ တပ်မတော်ဟာ ပြည်သူနဲ့အတူ၊ တိုင်းရင်းသားများနဲ့အတူ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စုပေါင်းအင်အားအဖြစ် လက်တွဲပါဝင် အောင်ပွဲဆင်နိုင်ပါစေကြောင်း ဆုတောင်းနှိုးဆော်လိုက်ရပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က အချက်ငါးချက်ပါရှိသည့် (၇၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ကို ဖတ်ကြားပြီး နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့အစည်းများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က "ဒီနေ့ဟာ ကျွန်တော်တို့ နိုင်ငံအတွက် ဖိနှိပ်ချုပ်ချယ်တဲ့ စနစ်တစ်ခုကို ပြည်သူတွေ၊ တိုင်းရင်းသားတွေ၊ လူတန်းစားပေါင်းစုံစုပေါင်းပြီးတော့ တွန်းလှန်ဖို့ စတင်ခဲ့တဲ့နေ့ဖြစ်တဲ့အတွက် အဲဒီသရုပ်အဓိပ္ပာယ်ကို ပေါ်လွင်ဖို့အတွက် ဖစ်ဆစ်တော်လှန်ရေးနေ့လို့ သတ်မှတ်ခြင်းဖြစ်ပါတယ်။ ဒီနေ့မှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲမှာ ဖြစ်နေတဲ့ အခက်အခဲတွေကို ပြည်သူ ၊ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို ထပ်မံပြီး သတိပေးနှိုးဆော်ချင်တဲ့အတွက် တစ်မျိုးတစ်ဖုံတော့ အဓိပ္ပာယ်ထူးခြားပါတယ်"ဟု မီဒီယာများကို ပြောကြားသည်။



အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# ပြည်သူ့အတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဝန်ဆောင်မှုပေးလျက်ရှိသော နိုင်ငံပိုင်သတင်းစာ

မေဦးမိုး

**နိုင်ငံပိုင်သတင်းစာဟု ဆိုလိုက်သည်နှင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာတို့ကို ရည်ညွှန်းကြောင်း အများပြည်သူသိရှိကြမည်ဟု ထင်ပါသည်။ နိုင်ငံအတွက် ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူ့အကျိုးမျှော်မှန်းပြီး လုပ်ဆောင်လျက်ရှိရာ ထိုသို့ဆောင်ရွက်ချက်များကို ပြည်သူထံ အစီရင်ခံတင်ပြနေသည့် မီဒီယာပလက်ဖောင်းဖြစ်ပါသည်။ ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်များကို ဦးတည်ကာ ပြည်သူတို့၏ အကျိုးစီးပွားကို ရည်ရွယ်ထုတ်ဝေနေသည့် သတင်းစာများပင် ဖြစ်ပါသည်။**

ပြည်သူလူထုက တစ်ခဲနက် ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၏ သက်တမ်းသည် တတိယတစ်နှစ်တာပြီးမြောက်ချိန်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ပြည်သူ့အစိုးရ၏ သဘောထားခံယူချက်၊ မူဝါဒရေးရာနှင့် ပြည်သူ့အတွက် ဆောင်ရွက်ချက်များ၊ ပြည်သူကို ကိုယ်စားပြုသည့် လွှတ်တော်အသီးသီးမှ ဆောင်ရွက်ချက်များ၊ တရားရေးဆိုင်ရာများအပြင် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများ၊ ဖျော်ဖြေရေးဆိုင်ရာများကို အချက်အလက်ပြည့်စုံစွာ၊ အထောက်အထားမှန်ကန်စွာ ဖော်ပြလျက်ရှိသည့် နိုင်ငံပိုင်သတင်းစာများသည် အားမာန်ဝင့်ကာဖြင့် ဆက်လက်ထုတ်ဝေလျက် ရှိနေပါသည်။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ရည်မှန်းကြိုးပမ်းနေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းစ ယခုအချိန်ကာလတွင် နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံအတွက် လိုအပ်ချက်တစ်ခု ဖြစ်နေသကဲ့သို့ ပြည်သူတို့၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်အပေါ် တစ်ထောင့်တစ်နေရာမှ အားဖြည့်ပေးသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ပါသည်။

သတင်းစာဟူသည် ပြည်သူတို့၏ နားနှင့်မျက်စိပင်ဖြစ်သည်။ အများပြည်သူကို ကိုယ်စားပြုသည့် နိုင်ငံပိုင်သတင်းစာများသည် ပြည်သူတို့ သိလိုသမျှ၊ ကြားလိုသမျှ သတင်းအချက်အလက်များ၊ ပြည်သူတို့ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၏ လှုပ်ရှားမှုခြေလှမ်းများကို ပြည်သူထံ တင်ပြချက်များနှင့်အတူ ပြည်သူ့အတွက် သိသင့်သိထိုက်သည့် မှတ်သားဖွယ်ရာသုတ၊ ရသအဖုံဖုံတို့ကို ပေးအပ်နိုင်ရန် အစဉ်အမြဲကြိုးပမ်းလျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံ့အကျိုးအတွက် ထမ်းရွက်နေခြင်းလည်း ဖြစ်ပါသည်။





**သတင်းစာလုပ်ငန်းကို သတင်းစာရောင်းချရငွေနှင့် ကြော်ငြာဝင်ငွေတို့အပြင် စက္ကူလုံး ကျန်/လိပ်ခွာရောင်းရငွေ၊ မင်ပုံးခွံရောင်းချရငွေ၊ ရိုက်ပျက်စက္ကူရောင်းချရငွေ စသည့် စွန့်ပစ်ပစ္စည်းများ ရောင်းရငွေအပါအဝင် အထွေထွေအရပ်ရပ်ဝင်ငွေများဖြင့် နိုင်ငံ့ဘဏ္ဍာ အရှုံးမဖြစ်ပေါ်စေရန်နှင့် သင့်တင့်မျှတသော အမြတ်ငွေရရှိနိုင်ရန် ချင့်ချိန်ဂရုပြုဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ သတင်းစာထုတ်လုပ်မှု၏ အဓိကကုန်ကြမ်းဖြစ်သော သတင်းစာစက္ကူဈေးနှုန်း ကမ္ဘာတစ်ဝန်းတွင် မြင့်တက်လာမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးမြင့်လာမှုတို့ကြောင့် သတင်းစာထုတ်လုပ်မှုစရိတ် မြင့်တက်လာသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မလွှဲမရှောင်သာဘဲ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ဈေးနှုန်းတိုးမြှင့် ရောင်းချမှုကို ပြုလုပ်ရခြင်းဖြစ်ပါသည်**

**ပေါင်းကူးတံတားသဖွယ်**

သတင်းစာတိုင်းတွင် သတင်းစာတိုက်၏ ကိုယ်ပိုင်ဟန် ကိုယ်စီရှိနေကြပါသည်။ နိုင်ငံပိုင်သတင်းစာများသည်လည်း အများပြည်သူအကျိုးအတွက် ရှေးရှုမျက်နှာမူသည့် ကိုယ်ပိုင်ဟန်ဖြင့် ရပ်တည်နေသည့် မီဒီယာပလက်ဖောင်းများပင်ဖြစ်ပါသည်။ နိုင်ငံပိုင်သတင်းစာများ၏မူဝါဒသည် နိုင်ငံတော်၏ မူဝါဒ၊ ပြည်သူ့အစိုးရ၏ မူဝါဒကို အကောင်အထည်ဖော်နေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပြန်ကြားရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူတို့အကြား ပေါင်းကူးတံတားသဖွယ် ရပ်တည်ကာ ဝန်ဆောင်မှုပေးနေခြင်းပင် ဖြစ်ပါသည်။

ပြည်သူ့အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူကို အစီရင်ခံတင်ပြသည့်နည်းတူ ပြည်သူများ၏ လိုအပ်ချက်ကိုလည်း နိုင်ငံတော်အစိုးရသိရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ စာဖတ်ပရိသတ်များနှင့် ဈေးကွက်၏ တောင်းဆိုလိုအပ်ချက်အရလည်း သတင်းစာများတွင် အထူးကဏ္ဍများ စဉ်ဆက်မပြတ်ထည့်သွင်းဖော်ပြပေးလျက်ရှိသည်။ ပြည်သူ့အစိုးရ တာဝန်ယူချိန်မှစ၍ သတင်းစာ၏ အသွင်အပြင်နှင့် အနှစ်သာရကို ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပြီး ဆန်းသစ်တီထွင်မှုများဖြင့်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။

**အကျိုးရှိစေမည့် ကဏ္ဍစုံတင်ဆက်**

ယခုအခါ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားလူငယ်များ လက်ရည်သွေးရာ စာမျက်နှာများဖြစ်သည့် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ၊ ကလေး များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဗဟုသုတများ ပိုမိုတောက်ပလာစေမည့် ကာတွန်းကဏ္ဍ၊ ပြည်သူများ၏ သဘောထားများကို ထုတ်ဖော်ရာ ပြည်သူ့သဘောထားစင်မြင့်ကဏ္ဍ၊ ပြည်သူများ လိုအပ်ချက်ကို အပေါ်လွင်ဆုံးဖော်ပြနိုင်သည့် ထင်သာမြင်သာပြုပြင်စရာ၊ နိုင်ငံရေးရာ၊ နိုင်ငံတကာရေးရာ၊ ဥပဒေရေးရာနှင့် စီးပွားရေးရာ၊ လူမှုရေးရာ အထူးဆောင်းပါးများ၊ စိုက်မွေးစီးပွား စာမျက်နှာ၊ အနုပညာ မြင်ကွင်းကျယ် စာမျက်နှာနှင့် အားကစားရေးရာအဖြာဖြာတို့အပြင် အနယ်နယ်အရပ်ရပ်တွင် ရှိသည့် ဒေသခံသတင်းထောက်များမှ ပေးပို့လာသည့် သတင်းများ၊ ဓာတ်ပုံမှတ်တမ်းများ စသည်တို့ကို ဝေဝေဆာဆာဖြင့် နေ့စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်၏ ဥပဒေပြုရေးကဏ္ဍအသီးသီးမှ ရောက်ရှိလာသည့် ဥပဒေများ၊

*စာမျက်နှာ ၉ သို့*


















*စာမျက်နှာ ၈ မှ*

ဥပဒေကြမ်းများ၊ ထိပေါက်စဉ်များ၊ အလုပ်အကိုင် ခေါ်ယူမှုများ၊ နေ့စဉ်ဈေးကွက်သတင်းများ၊ မိုးလေဝသ သတင်းအခြေအနေများနှင့် ပြည်သူများ ရာသီအလိုက် သတိထားရမည့် အချက်အလက်များ၊ ဆင်ခြင်ဖွယ်ရာများ၊ သိမှတ်စရာများကို စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိပါသည်။

**ဒေသပရိသတ်များ၏ အသံစုံလင်စွာပါဝင်**

ထို့ပြင် ဒေသအသီးသီးရှိ စာဖတ်ပရိသတ်များအတွက် အထူးကဏ္ဍများကိုလည်း ထည့်သွင်း ဖော်ပြပေးလျက်ရှိပါသည်။ ရန်ကုန်သူ ရန်ကုန်သားများအတွက် Today Yangon ယနေ့ရန်ကုန် စာမျက်နှာများကို အချပ်ပိုအဖြစ် ထုတ်ဝေပေးနေပြီး လူမှုဘဝသတင်းများ၊ ဆင်ခြင်ဖွယ်ရာများ၊ သတင်းအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ သွေးချင်းများအတွက် ရခိုင်ရွှေမြေစာမျက်နှာကိုလည်း အပတ်စဉ် အချပ်ပိုအဖြစ် ထုတ်ဝေပေးလျက်ရှိပါသည်။ တိုင်းရင်းသားလူမျိုးများအတွက် မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာများဖြင့် သတင်းများကို ရိုက်နှိပ်ဖော်ပြခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ မပျောက်ကွယ်ရေးအတွက် တိုင်းရင်းသားအချပ်ပိုစာမျက်နှာများကိုလည်း ရိုက်နှိပ်ထုတ်ဝေပေးလျက် ရှိပါသည်။ မန္တလေးနှင့် အထက်မြန်မာပြည် အကြောင်းအရာများကို ပိုမိုဝေဆာစွာ ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်ကာ မန္တလေးစာမျက်နှာကိုလည်း အပတ်စဉ် အချပ်ပို ထည့်သွင်းဖော်ပြ ဝန်ဆောင်မှုပေးနေပါသည်။

**ဒစ်ဂျစ်တယ်သတင်းစာမျက်နှာသစ်ဖွင့်**

ထို့ပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ခြေလှမ်းသစ်အဖြစ် Myanmar Digital News ဒစ်ဂျစ်တယ်သတင်းစာသစ်ကို ၂၀၁၈ ခုနှစ်တွင် အောင်မြင်စွာထုတ်လွှင့်နိုင်ခဲ့သည်။ အစိုးရ၏ လုပ်ဆောင်ချက်များ၊ အသိပေးလိုသောအချက်များကို အချိန်မဆိုင်း ပြည်သူထံ တင်ပြနိုင်ရန်အပြင် ပြည်သူများအတွက်









ဖျော်ဖြေရေးကဏ္ဍ၊ ပညာပေးရေးကဏ္ဍတို့ဖြင့် Myanmar Digital News ၏ News Portal သည် အသွင်သစ်ဖြင့် မီဒီယာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေပြီ ဖြစ်ပါသည်။ နောက်ဆုံးရသတင်းများအပါအဝင်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဘဝအရေးများနှင့် တိုင်းရင်းသားရေးရာ သတင်းအချက်အလက်များကို Multimedia အဖြစ် ဖော်ပြပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ Myanmar Digital News ၏ Digital Newspaper နှင့် News Portal အား အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ ဒစ်ဂျစ်တယ်သတင်းစာအဖြစ် အရည်အသွေးများ ပြောင်းလဲတင်ဆက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေများ ပေးသွင်း**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများတွင်ပါဝင်ပြီး အမြတ်အစွန်းကို ရှေးရှုဆောင်ရွက်ခြင်း မရှိသော်လည်း သင့်တင့်သောဝင်ငွေဖြင့် လုပ်ငန်းသုံးရင်းနှီးငွေဖြစ်သည့် Other Account (OA) တွင် စုဆောင်းထားနိုင်ခြင်းကြောင့် လုပ်ငန်းသုံးရင်းနှီးငွေများမှတစ်ဆင့် ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း ၉၀၀ နီးပါး၏ ပင်စင်လစာ၊ သတင်းစာထုတ်လုပ်မှု စရိတ်များနှင့် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များအားလုံးကို ယင်းစုဆောင်းငွေများထဲမှပင် သုံးစွဲနိုင်သည့် လုပ်ငန်းကြီးတစ်ခုလည်း ဖြစ်နေပါသည်။

သတင်းစာထုတ်လုပ်ရာတွင် အသုံးပြုရသည့် ကုန်ကြမ်းများဝယ်ယူခြင်းမှသည် ပြည်သူ့လက်ဝယ် သတင်းစာရောက်ရှိသည်အထိ အဆင့်ဆင့်တွင် ပေးဆောင်ရသည့် အခွန်အခများကိုလည်း အခွင့်ထူးခံခြင်းမရှိဘဲ တာဝန်ကျေပွန်စွာ ပေးဆောင်လျက်ရှိပါသည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ဘဏ္ဍာနှစ်အလိုက် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော် ထည့်ဝင်ငွေအဖြစ်လည်းကောင်း နိုင်ငံတော်သို့ နှစ်စဉ် မပျက်မကွက် ပေးဆောင်လျက်ရှိနေပါသည်။

**မလွှဲမရှောင်သာ**

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိရာ တစ်ကြိမ်တစ်ခါမှ အရှုံးမရှိခဲ့ဘဲ သင့်တင့်မျှတသော အမြတ်ငွေကိုပင် နိုင်ငံတော်အတွက် ရှာဖွေပေးသွင်းနိုင်ခြင်းဖြစ်ပါသည်။ အများပြည်သူ အကျိုးစီးပွားအတွက် ကြော်ငြာလုပ်ငန်းဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိရာ ၎င်းကြော်ငြာဝင်ငွေများကြောင့်လည်း သတင်းစာဈေးနှုန်းကို မူလကျသင့်ငွေထက် သိသိသာသာ လျော့နည်းကာ ခုနှိမ်ရောင်းချပေးနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သတင်းစာများ ဝယ်ယူဖတ်ရှုနိုင်ခြင်းလည်း ဖြစ်ပါသည်။

သတင်းစာလုပ်ငန်းကို သတင်းစာရောင်းချရငွေနှင့် ကြော်ငြာဝင်ငွေတို့အပြင် စက္ကူလုံးကျန်/လိပ်ခွာရောင်းရငွေ၊ မင်ပုံးခွံရောင်းချရငွေ၊ ရိုက်ပျက်စက္ကူရောင်းချရငွေ စသည့် စွန့်ပစ်ပစ္စည်းများ ရောင်းရငွေအပါအဝင် အထွေထွေ အရပ်ရပ်ဝင်ငွေများဖြင့် နိုင်ငံ့ဘဏ္ဍာ အရှုံးမဖြစ်ပေါ်စေရန်နှင့် သင့်တင့်မျှတသော အမြတ်ငွေရရှိနိုင်ရန် ချင့်ချိန်ဂရုပြုဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ သတင်းစာထုတ်လုပ်မှု၏ အဓိက ကုန်ကြမ်းဖြစ်သော သတင်းစာစက္ကူဈေးနှုန်း ကမ္ဘာတစ်ဝန်းတွင် မြင့်တက်လာမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတိုးမြင့်လာမှုတို့ကြောင့် သတင်းစာထုတ်လုပ်မှုစရိတ် မြင့်တက်လာသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မလွှဲမရှောင်သာဘဲ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ဈေးနှုန်းတိုးမြှင့် ရောင်းချမှုကို ပြုလုပ်ရခြင်း ဖြစ်ပါသည်။

**စနစ်တကျ စာရင်းစစ်ဆေးခံယူ**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည်နှင့်အညီ ငွေကြေးဆိုင်ရာများကို မူဘောင်အတွင်းမှ စနစ်တကျ အသုံးပြုရပြီး အလေအလွင့်မရှိအောင် တာဝန်ရှိသူအဆင့်ဆင့်မှလည်း စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဌာန၏ ရငွေ၊ သုံးငွေ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို ဝန်ကြီးရုံး၏ ဌာနတွင်း စာရင်းစစ်အဖွဲ့မှ လစဉ်စစ်ဆေးခြင်း၊ နှစ်ချုပ်စာရင်းများ ရေးဆွဲပြီးပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သတင်းစာတိုက်များအလိုက် တည်ရှိသော တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်အဖွဲ့များက စာရင်းစစ်ဆေးမှုစံနှုန်းနှင့်အညီ စနစ်တကျ စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံပိုင်သတင်းစာများ၏ အလုပ်ရှင်သည် နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူများဟု ခံယူဆောင်ရွက်လျက်ရှိနေပါသည်။ မြန်မာ့အလင်း၊ ကြေးမုံနှင့် Global Direct Link ကုမ္ပဏီနှင့် အကျိုးတူ (Joint Venture) အဖြစ် ပူးပေါင်းဆောင်ရွက်နေသော The Global New Light of Myanmar သတင်းစာ၊ အွန်လိုင်းမီဒီယာဖြစ်သည့် Myanmar Digital News တို့တွင် တာဝန်ထမ်းဆောင်နေကြသူများသည် သတင်းစာကျင့်ဝတ်များအပြင် နိုင်ငံပိုင်မီဒီယာများအတွက် သီးခြားထုတ်ပြန်ထားသည့် ကျင့်ဝတ်များ၊ လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒများကို လိုက်နာလုပ်ဆောင်ကြရပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတွင်းမှ ပြည်သူနှင့် နိုင်ငံတော်အကျိုးအတွက် ရည်ရွယ်၍ သတင်းမှန်ထုတ်ပြန်ခြင်းကို ဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်ပါသည်။

ထို့ပြင် ပြည်သူများသိရှိလိုသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ရိုးရှင်းသည့် သတင်းချဉ်းကပ်ပုံဖြင့် သတင်းရယူပြီး တိကျသည့်သတင်းအချက်အလက်များ ဖော်ပြမှုဖြင့် ပိုမိုကောင်းမွန်သည့် ပြည်သူ့အကျိုးပြုသတင်းစာများ ဖြစ်လာစေရန် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပါသည်။

**ခေတ်မီစက်ကို ပြောင်းလဲအသုံးပြု**

၂၀၀၆ ခုနှစ်က တပ်ဆင်ဝယ်ယူထားခဲ့သည့် ရောင်စုံ ၁၆ မျက်နှာ ပုံနှိပ်နိုင်သော စက်နေရာ၌ ၂၀၁၈ ခုနှစ် မေလ ၈ ရက်တွင် ၃၂ မျက်နှာ တစ်ပြိုင်တည်း ရိုက်နှိပ်နိုင်သည့် အလိုအလျောက် စက္ကူလုံး လဲလှယ်စနစ်ပါရှိသော Goss Community 4 Hi Tower 4 Unit Web offset (with splicer) ပုံနှိပ်စက်အား ပြောင်းလဲအသုံးပြုနိုင်ခဲ့သည့်အတွက် အရည်အသွေးကောင်းမွန်သော သတင်းစာများကို စာဖတ်ပရိသတ်လက်ဝယ်သို့ စောစီးစွာ ဖြန့်ချိပေးနိုင်ပြီ ဖြစ်ပါသည်။

ပစ္စည်းများ ဝယ်ယူမှုနှင့် ပတ်သက်ပြီး သတင်းစာရိုက်နှိပ်သည့် ပုံနှိပ်စက်မှစ၍ ကုန်ကြမ်းပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် ပြည်တွင်း ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီဖြင့် ဝယ်ယူခြင်းဆောင်ရွက်လျက်ရှိပါသည်။ ပစ္စည်းဝယ်ယူရေးအစည်းအဝေးမှတ်တမ်းကို ဗီဒီယိုမှတ်တမ်းများ၊ CCTV မှတ်တမ်းများထားရှိပြီး ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**သိပိုင်ခွင့်အတွက် အခမဲ့ဖြန့်ဝေ**

သတင်းစာဖြန့်ချိမှုစနစ်များကို လက်ရှိအခြေအနေနှင့်အညီ နိုင်ငံတစ်ဝန်း ပျံ့နှံ့ရောက်ရှိနိုင်ရေးအတွက် ကိုယ်ပွားသတင်းစာတိုက်များထားရှိဆောင်ရွက်ခြင်း၊ သတင်းစာကိုယ်စားလှယ်များကို စိစစ်ခန့်အပ်ခြင်းတို့ဖြင့် မြန်ဆန်ချောမွေ့သည့် သတင်းစာဖြန့်ချိမှုစနစ်ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်ရှိ ပြည်သူများ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ တိုးပွားနိုင်စေရန်အတွက် သတင်းစာများ ဖတ်ရှုနိုင်ရန် မြန်မာ့အလင်းသတင်းစာ စောင်ရေ ၂၀၀၀ နှင့် The Global New Light of Myanmar သတင်းစာ စောင်ရေ ၂၅၀ ပြည်သူ့လက်ဝယ် အရောက် အခမဲ့ဖြန့်ချိပေးလျက်ရှိပါသည်။

**စာဖတ်ပရိသတ်၏ ရွေးချယ်ပိုင်ခွင့်**

မီဒီယာလုပ်ငန်းတစ်ခု အောင်မြင်ခြင်း၊ ကျရှုံးခြင်းတို့သည် ပြည်သူလူထု လက်ခံအားပေးမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်ဟု မြင်ပါသည်။ အများပြည်သူအနေဖြင့် မိမိတို့ ယုံကြည်အားကိုးသည့် သတင်းဌာနကို ရွေးချယ်မည်သာဖြစ်သကဲ့သို့ ပြည်သူတို့ ယုံကြည်အားထားရသည့် မီဒီယာသည်လည်း ဆက်လက်ရှင်သန်ခွင့်ရလိမ့်မည်ဟု ထင်ပါသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာနှစ်စောင်ကိုကြည့်လျှင် စာဖတ်ပရိသတ်မှာ သူ့အကြိုက်နှင့်သူ သီးခြားစီရှိနေကြသည့်အားလျော်စွာ စာဖတ်ပရိသတ်များကိုယ်စီ လက်ခံနေသမျှ မြန်မာ့အလင်းနှင့် ကြေးမုံဟူ၍ သီးခြားစီ ရပ်တည်နေကြမည်သာ ဖြစ်ပါသည်။ အကယ်၍ စာဖတ်ပရိသတ်၏ ယုံကြည်အားပေးမှု လျော့နည်းမှုကြောင့် ဝင်ငွေလျော့ကျပြီး နိုင်ငံတော်ဘဏ္ဍာငွေ အရှုံးဖြစ်ပေါ်လာပါက တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့်လည်း ထောက်ညွှန်မှုများ အသီးသီးရှိလာကြမည်ဖြစ်ရာ ၎င်းသတင်းစာများ၏ ရှင်သန်ရပ်တည်နိုင်မှုမှာလည်း အခက်အခဲများ ရှိလာမည်သာ ဖြစ်ပါသည်။ ထိုအချိန်မျိုးတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ ရှင်သန်ရပ်တည်ရေးအတွက် လျှောက်လှမ်းရမည့် လမ်းကြောင်းများကို ရွေးချယ်ချီတက်ကြရမည်သာ ဖြစ်ပါသည်။

**တစ်ထောင့်တစ်နေရာမှ**

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် အမြတ်အစွန်းကို အဓိကထား ဦးတည်ဆောင်ရွက်ခြင်း မရှိသော၊ စီးပွားရေးဆန်ဆန် လုပ်ဆောင်နေခြင်း မဟုတ်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ရပ်တည်နေသည့်အပြင် ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးပေးနေသည့် ပြည်သူ့အကျိုးပြုသတင်းစာများသာ ဖြစ်ပါသည်။ ပြည်သူ့အပေါ် ဆန့်ကျင်ခြင်း၊ ပြည်သူအတွက် နစ်နာအောင် ပြုလုပ်ခြင်းနှင့် ပြည်သူ၏ ကိုယ်စိတ်နှလုံးကို ညစ်ညူးအောင်ပြုလုပ်ခြင်းများကို ရှောင်ရှားပြီး အများပြည်သူဝန်ဆောင်မှု မီဒီယာ၏ လုပ်နည်းလုပ်ဟန်များနှင့်အညီ သတင်းစာကျင့်ဝတ်နှင့် တာဝန်ကို ပြဋ္ဌာန်းလိုက်နာ ဆောင်ရွက်လျက်ရှိနေပါသည်။ ထို့ပြင် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသမျှ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးမှုဖြင့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးလျက် ရှိနေမည်သာ ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး ကလေးစာပေပွဲတော်(ပဲခူး) ကြိုတင်ပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၂၇**

ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပမည့် ပဲခူးမြို့ ပဲခူးတက္ကသိုလ်အတွင်း ကြိုတင်ပြင်ဆင်နေမှုများကို ယနေ့ညနေပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးများသည် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မျက်နှာစာရှေ့တွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းကျောက်စာများ၊ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များခင်းကျင်းပြသထားမှုနှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မှတ်တမ်း၊ မော်ကွန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ခင်းကျင်းပြသထား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တက္ကသိုလ်စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် ဆရာမင်းသုဝဏ် ဘဝမှတ်တမ်းဓာတ်ပုံများနှင့် ဆရာမင်းသုဝဏ်၏ ကလေးကဗျာများ ခင်းကျင်းပြသထားမှု၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများနှင့် အဖွဲ့အစည်းများမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဝေလျှံ**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စပါးခွံလောင်စာတောင့် စက်ရုံဖွင့်ပွဲတက်ရောက်

**မအူပင် မတ် ၂၇**

Amazing Advanced Transforming & Manufacturing (AATM) ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော စပါးခွံလောင်စာတောင့် စက်ရုံဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စု တူးမြောင်းကျေးရွာတွင် ယမန်နေ့က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် စပါးခွံလောင်စာတောင့်စက်ရုံအတွင်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် Amazing Advanced Transforming & Manufacturing ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအေးကိုက စက်ရုံတွင် စပါးခွံလောင်စာတောင့်စက်ရုံ တည်ဆောက်ထားရှိမှုနှင့် လောင်စာတောင့်ထုတ်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ဦးကြူ(ဂျုံစက်) မိသားစု(ရန်ကုန်)မှ ဒါရိုက်တာ ဦးတင်ဦးနှင့်ဇနီးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့အား ဗလာစာအုပ် ဒါဇင် ၁၀၀၀ နှင့် ဦးကြူ(ဂျုံစက်)မှ စက်ရုံမှူး ဦးအောင်ဇော်လင်းနှင့် ဇနီးတို့က တူးချောင်းကျေးရွာအုပ်စု အတွင်းရှိ စာသင်ကျောင်းများအတွက် ဗလာစာအုပ် ဒါဇင် ၃၀၀ တို့ကို လှူဒါန်းပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်အဖွဲ့ဝင်များက စက်ရုံအတွင်း စပါးခွံလောင်စာတောင့် ထုတ်လုပ်မှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ရာ Amazing Advanced Transforming & Manufacturing ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက စက်ရုံမှ လောင်စာ တောင့်အဆင့်ဆင့် ထုတ်လုပ်ဆောင်ရွက်ပုံများကို လိုက်လံရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မအူပင်မြို့နယ် ကျွဲဒိုးတိုက်နယ် ကျုံနတ္တော်အုပ်စု ကျုံနတ္တော်ကျေးရွာ မင်္ဂလာမှန်ကျောင်း ဘုန်းတော်ကြီးကျောင်းတွင် ကျွဲဒိုးတိုက်နယ်ရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး သုံးနှစ်တာကာလအတွင်း အစိုးရမှဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးခဲ့မှုများကို ကျေးရွာနေပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ရှင်းလင်းပြောကြားပေးခဲ့ပြီး တက်ရောက်လာသော ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မအူပင်မြို့နယ်အတွင်း အသက် ၈၅ နှစ်အထက် သက်ကြီးအဘိုးအဘွား ၁၁၃၉ ဦးအတွက် ထောက်ပံ့ငွေကို အဘိုးအဘွားများ ကိုယ်စား အဘိုးအဘွားသုံးဦးကို ပေးအပ်ပြီး ကျေးရွာသူ ကျေးရွာသားများအတွက် အားကစားဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထွန်းဇော်**

## တာချီလိတ်မြို့ လေထုညစ်ညမ်းမှုအညွှန်းကိန်း ထုတ်ပြန်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်

**တာချီလိတ် မတ် ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိရာ တာချီလိတ်စီမံခန့်ခွဲမှုကော်မတီမှ လေထုညစ်ညမ်းမှုအညွှန်းကိန်း ထုတ်ပြန်ပေးခြင်းနှင့် အသိပေးကြေညာချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**အသိပေးနှိုးဆော်**

ယနေ့နံနက် ၁၀ နာရီ ထုတ်ပြန်ချက်အရ လေထုညစ်ညမ်းမှုအညွှန်းကိန်း AQI(105)ရှိပြီး အောက်ဆီဂျင်ဓာတ်ပါဝင်မှု မြင့်မားလျက်ရှိကြောင်း သိရသည်။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အသက်ရှူလမ်းကြောင်း ရောဂါရှိသူများ အနေဖြင့် တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ကြရန်၊ အပြင်ထွက်ရန် လိုအပ်သူများ အနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန်၊ မျက်စိစပ်ခြင်းများ ဖြစ်ပေါ်ပါက လက်ဖြင့်ပွတ်သပ်ခြင်းမပြုဘဲ သန့်ရှင်းသော ရေစိုအဝတ်ဖြင့် သုတ်ခြင်း၊ ရေသန့်ဖြင့် ဆေးကြောခြင်းများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများခံစားရပါက နီးစပ်ရာ ဆေးရုံ/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကြရန် အသိပေးနှိုးဆော်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

**ထုတ်ပြန်ပေးသွားမည်**

ထို့ပြင် လေထုညစ်ညမ်းမှုအညွှန်းကိန်း တိုင်းတာရရှိမှုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး စစ်တွေမြို့ရှိ ရပ်ကွက်၊ ဆေးရုံ၊ ကျေးရွာနှင့် IDP စခန်းများလေ့လာ

**စစ်တွေ မတ် ၂၇**

နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Dag-Inge Ulstein သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ ရပ်ကွက်၊ ဆေးရုံ၊ ကျေးရွာနှင့် IDP စခန်းများသို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်သို့ သွားရောက်၍



နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ စစ်တွေမြို့၌ ဒေသခံများနှင့် တွေ့ဆုံစဉ်။

ဒေသခံများနှင့် တွေ့ဆုံပြီး ရပ်ကွက်စာသင်ကျောင်းများနှင့် ဆေးခန်းကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မိုးမြင့်ဝင်းနှင့် တာဝန်ရှိသူများက လူနာများ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသည့်အခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် အဖွဲ့သည် သဲချောင်းရွှေ့ပြောင်းဒုက္ခသည်စခန်းသို့သွားရောက်၍ ရွှေ့ပြောင်းဒုက္ခသည်စခန်း တာဝန်ရှိသူများ၊ ရွှေ့ပြောင်းဒုက္ခသည်များနှင့် တွေ့ဆုံသည်။

ထို့နောက် သဲချောင်းကျေးရွာသို့ သွားရောက်၍ ရခိုင်တိုင်းရင်းသားများ၊ မာရမာကြီးနှင့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**မျိုးသူထွန်း**

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ထ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

(ည) **မှတ်ပုံတင်အင်ဂျင်နီယာ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ် ရရှိထားသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဌ) **အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ လက်မှတ်၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်၊ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာ လက်မှတ်၊ မှတ်ပုံတင် ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်များကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပအဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြု လက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူကို လည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(ထ) **မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာမှတ်ပုံတင်အင်ဂျင်နီယာ အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပေးထားသည့် သက်တမ်းရှိ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိထားသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ)၊(င)၊(ဇ)၊(ဈ)၊ ပုဒ်မ ၃၁ ခြေဆင်း၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၂ နှင့် ၃၈ တို့တွင်ပါရှိသော "အင်ဂျင်နီယာ"ဆိုသည့် စကားရပ်ကို "မှတ်ပုံတင် အင်ဂျင်နီယာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ" ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ "နည်းပညာကျွမ်းကျင်သူ"ဆိုသည့် စကားရပ်ကို "မှတ်ပုံတင် နည်းပညာ ကျွမ်းကျင်သူ"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာန၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန်။"

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံကို ခေါ်ယူ ကျင်းပရမည်။

(ခ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန် ပေးအပ်ရမည်-

(၁) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရ ဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များ။

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အင်ဂျင်နီယာ လုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ အငြိမ်းစားမှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်များ အနက်မှ ၁၀ ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့် အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက် ရမည်။

(ဃ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၅ ဦးစီကို ကောင်စီဝင် များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည် -

(၁) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်း များမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များ။

၆။ ကောင်စီဝင်များသည် နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ ရှစ်ဦး စုစုပေါင်း ၁၅ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

၇။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ပုဒ်မ ၅ အရ ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရသူများနှင့် ပုဒ်မ ၆ အရ ရွေးကောက်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းတို့ကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကောင်စီ၏ နာယကအဖွဲ့က ပေးပို့သော အမည်စာရင်းပါ ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံအင်ဂျင် နီယာကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။"

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"(စ) နာယကအဖွဲ့သည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမျိုးသား အဆင့် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ညီလာခံကိုခေါ်ယူ၍ ကောင်စီ အသစ်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းစေရမည်။"

၇။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (စ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ-၁) တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ညှိနှိုင်းသတ်မှတ်ချက်အရ မှတ်ပုံတင် လက်မှတ်ထုတ်ပေးရာတွင် အကျုံးဝင်သည့် အင်ဂျင်နီယာပညာရပ်များကို အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်ခြင်း၊"

၈။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်း မြင့်မားစေရေး အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားအင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း နှင့်ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း ပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံး လုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိမရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနနှင့် အစိုးရ အဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း၊"

၉။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ် ခွင့်များ သတ်မှတ်ပေးခြင်းနှင့် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက် ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်း ပြည်ပရှိအဖွဲ့အစည်းများ၊ အင်ဂျင် နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊"

၁၀။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဇ) ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း။"

၁၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၉) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း(၉)**
**အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၁၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်က ဖြစ်စေ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးထား သည့် သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိ ထားသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်က ဖြစ်စေ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာ ပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စားအလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင် နီယာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့် ပြုသောနေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်ကို ထုတ်ပေး နိုင်သည်။"

၁၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၄ ခြေဆင်းကို အောက်ပါ အတိုင်း အစားထိုးရမည် -

"၃၄။ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို သော် လည်းကောင်း၊ မှတ်ပုံတင် လက်မှတ်ပါစည်းကမ်းချက် တစ်ရပ်ရပ် ကိုသော် လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အလုပ် အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-"

၁၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၇ ပါ "မှတ်ပုံတင်လက်မှတ် မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်လက်မှတ်မရှိဘဲ သော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရသူတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ် ကွပ်ကဲမှုနှင့် ယင်း၏တာဝန်ယူမှု၊ တာဝန်ခံမှုမပါဘဲသော်လည်းကောင်း လုပ်ကိုင် ခြင်းမပြုရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၉ ခြေဆင်းကို အောက်ပါ အတိုင်း အစားထိုးရမည်-

"၃၉။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင် ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူမျှ -"

၁၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၄၁၊ ၄၂ နှင့် ၄၃ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၁။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေ နှင့်အညီ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။"

၁၇။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၉။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ အစိုးရဌာနနှင့်အစိုးရ အဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာဘွဲ့ရရှိသူ၊ နည်းပညာကျွမ်းကျင်သူဘွဲ့ရရှိသူနှင့် နည်းပညာ ကျွမ်းကျင်သူ ဒီပလိုမာရရှိသူများသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် သတ်မှတ်ခွင့်ပြုချက်များနှင့်အညီ ပြင်ပအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်လက်မှတ်ရရှိရေးကို သက်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများအတိုင်း ကောင်စီသို့ လျှောက်ထားရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ယမန်နှစ်က ထုတ်ပြန်ထားသည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ဆက်လက်ဝယ်ယူပေးရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာ

**ရန်ကုန် မတ် ၂၇**

ပြီးခဲ့သည့်နှစ်က ထုတ်ပြန်ထားသည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ဆက်လက်ဝယ်ယူပေးရန် မတ် ၂၆ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးကျေးဇူးအတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ စသော အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ဧည့်မထ အမျိုးအစား ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ၂၀၁၈ ခုနှစ် မတ် ၆ ရက်တွင် ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း၊ အဆိုပါ စပါးဈေးနှုန်းကြေညာချက်သည် ၂၀၁၉ ခုနှစ်အတွင်း အခြေခံစပါးဈေးနှုန်း ထပ်မံကြေညာခြင်းမပြုမီကာလအတွင်း အကျုံးဝင်နေသောကြောင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိက ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် ယင်းကြေညာချက်ပါအတိုင်း လိုက်နာဆောင်ရွက်ပေးရန် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်စပါးဈေးကွက်အတွင်း ဝယ်လိုအား မြင့်တက်လာစေရေး၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုများ ပိုမိုအားကောင်းလာစေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ အကယ်၍ ဒေသအလိုက် ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးအောက်ရောက်ရှိပါက အခြေခံဈေးဖြင့် ဝယ်ယူပေးရန်အတွက် အသင်းချုပ် အသင်းဝင်ဆန်စက်များ၊ ဆန်စပါးကုန်သည်များမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အသင်းချုပ်ရုံးသို့ ဆက်သွယ်နိုင်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"မနေ့က ကြေညာထားတယ်။ ဒီဟာကို ဆက်ပြီးတော့ ဒီအတိုင်း ဆက်လက်ထိန်းသိမ်းဝယ်ယူဖို့ဆိုတော့ နောက်အမိန့်တစ်စုံတစ်ရာညွှန်ကြားချက်၊ ကြေညာချက်မထွက်ခင်တော့ ဒီအတိုင်းပဲသွားမှာပါ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

လက်ရှိ ဈေးကွက်အတွင်း စပါးတင်းတစ်ရာဈေးနှုန်းမှာ ငွေကျပ် ငါးသိန်းနှစ်သောင်းမှ ငွေကျပ် ငါးသိန်းခြောက်သောင်း အထိရှိပြီး ငါးသိန်းအောက်ကျဆင်းမသွားစေရေး ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အသင်းချုပ်အနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စပါးတင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်း၏အပေါ်တွင်ဖြစ်ပေါ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး အကယ်၍ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်းအောက်တွင် ကျဆင်းဖြစ်ပေါ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ အခြေခံရည်ညွှန်း စပါးဈေးနှုန်းသတ်မှတ်ရခြင်းမှာ လုပ်ကွက်ငယ်တောင်သူလယ်သမားများအပါအဝင် တောင်သူလယ်သမားအများစုစိုက်ပျိုးသော သာမန်စပါးအမျိုးအစားများသည် စပါးပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသောကြောင့် အဆိုပါလုပ်ကွက်ငယ် တောင်သူလယ်သမားအများစု၏ အကျိုးစီးပွားကို ဦးစားပေးသောအားဖြင့် ၎င်းတို့စိုက်ပျိုးသော စပါးများအတွက် အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ထုတ်ပြန်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခြေခံစပါးဈေးနှုန်း သတ်မှတ်ခြင်းကိုလည်း တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ စသော အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာစိုက်ပျိုးထုတ်လုပ်မှုရာသီအတွက် ဖြစ်သင့်သော အခြေခံဈေးနှုန်းကို ရာသီအလိုက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာထားသည်။

**ငြိမ်းငြိမ်း**

# တပ်မတော်နေ့ကိုဂုဏ်ပြု ဘိုးလင်းပြိုင်ပွဲဆုပေး

**ရန်ကုန် မတ် ၂၇**

(၇၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ကျင်းပသည့် ဘိုးလင်းပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက တာမွေမြို့နယ် Right Track Bowing စင်တာ၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပဏာမရွေးချယ်ထားသော အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ကိုးဦးတို့က တစ်ဦးချင်းပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ZIFAM ကုမ္ပဏီက ငွေသားဆုများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အမှုဆောင်များက ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲသည် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဒုတိယအကြိမ် ပဏာမ လူရွေးချယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးအောင် ဆုရရှိသူတစ်ဦးအား ဆုတံဆိပ်ချီးမြှင့်စဉ်။

❄ကျော့ဖုံးမှ

ယင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲထားသည့် အီရန်အသင်းသည် ယခုနှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ နုတ်ထွက်သွားကြောင်း သိရသည်။

မြန်မာဘော်လီဘောအသင်းသည် ပထမအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၅ ပြိုင်ပွဲတွင် အဆင့် (၅) နေရာရခဲ့ပြီး ၂၀၁၇ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းသည် ယခုပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမ ကစားသမားများ ရွေးချယ်ကာ ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးကျော်စွာဝင်းက ကိုင်တွယ်နေသည်။

**ညီမြတ်သော်တာ**

◆ကျော့ဖုံးမှ

ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး ယင်းလတွင် တစ်လအတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းကို အကယ်ဒမီများမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ပြိုင်ပွဲမှ ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းဖွဲ့စည်းရန် မတ်လဒုတိယပတ်က လူရွေးပွဲကျင်းပခဲ့ပြီး ကစားသမားများ ပြန်လည်ရွေးချယ်ထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့

**ဟနွိုင်း မတ် ၂၇**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ရှုံးပွဲဆက်နေမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အခြားပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းက တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**တတိယနေရာလုပွဲသာ ကစားရမည်**

မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံး ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအောက်ဆုံးသို့ ရောက်ခဲ့ပြီး တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ်နှင့် ထိုင်းအသင်းက ခုနစ်မှတ်စီ၊ တရုတ်အသင်းက သုံးမှတ်၊ မြန်မာအသင်းက အမှတ်မရခဲ့ပေ။ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် ထိုင်း၊ တတိယလုပွဲအဖြစ် မြန်မာနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# နို့ဘိုးလူးရုပ်ရှင်ဇာတ်ကားကြီးကို မတ်လ ၂၉ ရက်မှစ၍ ရုံတင်ပြသမည်

**ရန်ကုန် မတ် ၂၇**

မိဘမေတ္တာနှင့်မိသားစုဘဝသရုပ်ကို ဖော်ကျူးပြသထားသော နို့ဘိုးလူးရုပ်ရှင်ဇာတ်ကားကြီးကို မတ် ၂၉ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည်ဖြစ်သည်။

မြန်မာ့ရိုးရာယုံကြည်မှု ရိုးရာဓလေ့များ၊ ရိုးရာယုံကြည်မှုများအနက်မှ နို့ဘိုးလူးအစွဲအကြောင်းကို ဖော်ထုတ်တင်ပြလိုခြင်း၊ နို့ရည်ကဲ့သို့ ဖြူစင်သန့်ရှင်းသော မိခင်မေတ္တာတရားသည် ဘိုးလူးကဲ့သို့ ရက်စက်ကြမ်းတမ်းသောသူကိုပင်လျှင် နူးညံ့သိမ်မွေ့သွားအောင် ပြုမူနိုင်ပုံကို ပုံဖော်ပြသလိုခြင်း၊ ငြိမ်းအေးသော သစ္စာတရားကို သွေးစက်မျက်ရည်တို့ဖြင့် လဲလှယ်၍မရဘဲ ၎င်းတို့ကို ရပ်တန့်စေခြင်းဖြင့်သာ ငြိမ်းချမ်းမှုကို ရရှိနိုင်ကြောင်းတို့ကို ဇာတ်လမ်း၏ အဓိကရည်ရွယ်ချက်အဖြစ် တွေ့ရသည်။

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းရွှေစီစဉ်ထုတ်လုပ်သည့် နို့ဘိုးလူး ရုပ်ရှင်ဇာတ်ကားကြီးသည် ပန်းချီ ရွှေအေးကို၏ ဇာတ်လမ်းကိုအခြေခံ၍ စကားလုံးနှင့် ဇာတ်ညွှန်းကို ငြိမ်းမင်း ရေးသားကာ ဒါရိုက်တာ လူမင်းက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကြီးတွင် အဓိက သရုပ်ဆောင်များအဖြစ် အကယ်ဒမီ လူမင်း၊ ဇေရဲထက်၊ ရွှေမှုံရတီ၊ အကယ်ဒမီ ဒေါ်မြတ်မွန်တို့ ပါဝင်သရုပ်ဆောင်ထားသည့်အပြင် အောင်ခိုင်၊ ဇော်ဦး၊ ဟိန်းစိုး၊ ဇော်မှိုင်း၊ ကိုပေါက်၊ ဇေယျာအောင်၊ စမ်းစမ်းဝင်း၊ သိင်္ဂီထွန်း၊ လှိုင်ဖြူဖြူထွဏ်း၊ ဘဂျမ်း၊ ရဲဒီပ၊ ဘိုသန့်နှင့် ကလေးသရုပ်ဆောင်များအဖြစ် ကျားပေါက်၊ ခန့်ကျော်စသော ဇာတ်ပို့ဇာတ်ရံများ ပါဝင်အားဖြည့်ထားသည်။

မိဘမှ သားသမီးအပေါ်ထားရှိသော မေတ္တာတရား၊ နို့ဘိုးလူးအစွဲရှိသော မိခင်က သားသမီးအဖတ်မတင်၍ သောကဖြစ်ရပုံ၊ သားသမီးအဖတ်တင်သော်လည်း ရောဂါဝေဒနာခံစားရသော သားဦးအပေါ် ခက်ခက်ခဲခဲ ပြုစုစောင့်ရှောက်ခဲ့ရပုံ၊ ကလေးအသက်ဆက်နိုင်ရေးအတွက် မိမိနို့ရည်တိုက်ကျွေးမှုကို ရပ်တန့်ကာ သံဃာတော်ထံရောင်း၍ နွားနို့တိုက်ကာ အသက်ဆက်ရပုံများကို ဇာတ်လမ်း၏ အစပျိုးပိုင်းတွင် တွေ့မြင်ရမည် ဖြစ်သည်။ ထို့ပြင် ပုထုဇဉ်လူသားတိုင်း ရင်ဆိုင်ရမြဲဖြစ်သော ကောင်းခြင်း၊ ဆိုးခြင်း ဓမ္မတာများနှင့် ကံ ကံ၏အကျိုးကို ထင်ရှားအောင် ပြသထားသည်။ သက်ရှိထင်ရှား မိဘကိုပြုစုလုပ်ကျွေးပြီး သေခါမှနောင်တ မဖြစ်ရအောင် ဇာတ်ကားတွင် မီးမောင်းထိုး ပြထားသည်။

မည်မျှ ဆိုးမိုက်သည်ဖြစ်စေ ဗုဒ္ဓဘာသာတရား၏ အဆုံးအမအောက်ဝယ် အေးချမ်းခြင်းနှင့် မေတ္တာတရား ရရှိနိုင်ပုံအကြောင်းနှင့် ဝဋ်ကြွေးရှိပါက အချိန်နေရာမရွေး ပြန်လည်ပေးဆပ်ရလေ့ရှိကြောင်းတို့ကို ဇာတ်လမ်းတွင် သင်ခန်းစာ ယူစရာများအဖြစ် တင်ပြထားသည်။

**ဖူးပြည့်**



နို့ဘိုးလူးဇာတ်ကားပိုစတာကို တွေ့ရစဉ်။

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဘာစီလိုနာအသင်း ရက်ချ်ဖို့ဒ်အား ခေါ်ယူရန် စိတ်ဝင်စားနေ**

ဘာစီလိုနာအသင်းသည် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ရက်ချ်ဖို့ဒ် (၂၁နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း စပိန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမား၏ မန်ယူအသင်းနှင့်စာချုပ်သက်တမ်းသည် ၂၀၂၀ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ဆွာရက်ဇ်၏ နေရာကို ရက်ချ်ဖို့ဒ်အား ရေရှည်အစားထိုးရန်အတွက် ချိန်ရွယ်နေ**

အီးအက်စ်ပီအင်န်၏ ဖော်ပြချက်တွင်မူ ဘာစီလိုနာအသင်းအနေဖြင့် ဆွာရက်ဇ်၏ နေရာကို ရက်ချ်ဖို့ဒ်ဖြင့် ရေရှည်အစားထိုးရန်အတွက် ချိန်ရွယ်နေသော်လည်း မန်ယူအသင်းကမူ အဆိုပါ ကစားသမားအား ရောင်းချသွားရန် ဆန္ဒမရှိကြောင်း ဖော်ပြထားသည်။

**မန်ယူအသင်း ဆာလီဘာအား ခေါ်ယူရန် ချိန်ရွယ်နေ**

မန်ယူအသင်းသည် စိန့်အက်တီယန်အသင်းမှ ပြင်သစ်ခံစစ်ကစားသမား ဆာလီဘာ (၁၈နှစ်) အား ခေါ်ယူရန် ချိန်ရွယ်နေကြောင်း ပြင်သစ်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ရီးရဲမက်ဒရစ်အသင်း ဟာဇက်ထက် စတာလင်းကို ခေါ်ယူသင့်**

ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဟာဇက် (၂၈နှစ်) ထက် မန်စီးတီးအသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား စတာလင်း (၂၄နှစ်) ကို ခေါ်ယူသင့်ကြောင်း ဘလက်ဘန်းတိုက်စစ်မှူးဟောင်း ခရစ်စ့်ဆက်တန်၏ အဆိုအရ သိရသည်။

**ဘာစီလိုနာအသင်း ရာကီတစ်အား ရောင်းထုတ်သွားရန် ဆုံးဖြတ်သွားဖွယ်ရှိ**

ဘာစီလိုနာအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ရာကီတစ် (၃၀နှစ်) အား ရောင်းထုတ်သွားရန် ဆုံးဖြတ်သွားဖွယ်ရှိနေပြီး အဆိုပါ ခရိုအေးရှားကွင်းလယ်ကစားသမား၏ အခြေအနေအား မန်ယူနှင့် အင်တာမီလန်အသင်းတို့က စောင့်ကြည့်လျက်ရှိနေကြောင်း အီးအက်စ်ပီအင်န်၏ ဖော်ပြချက်အရ သိရသည်။

**ဂရစ်ဇ်မန်း ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ပြောဆိုနေမှုများကို စိတ်ပျက်**

အက်သလက်တီကို မက်ဒရစ်အသင်းမှ တိုက်စစ်ကစားသမား ဂရစ်ဇ်မန်းသည် ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေးပြောဆိုနေမှုများကို စိတ်ပျက်လျက်ရှိနေကြောင်း ပြင်သစ်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**လီဗာပူးအသင်း ဘင်ဂေါ့ဖရေးအား ခေါ်ယူရန် ပြင်ဆင်**

လီဗာပူးအသင်းသည် နော့ဝှစ်ချ်စီးတီးအသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ဘင်ဂေါ့ဖရေး (၂၁နှစ်) အား ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အဲဗာတန်အသင်း လီယိုအား ခေါ်ယူလို**

အဲဗာတန်အသင်းသည် လိုင်လီအသင်းမှ ပေါ်တူဂီတိုက်စစ်ကစားသမား လီယို (၁၉နှစ်) အား ခေါ်ယူလိုကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# တာချီလိတ်နှင့်လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၆ ရက် ည ၈ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) ဝမ်မိုင်ကျေးရွာ စည်ပင်လမ်းတွင် အောင်အောင်(ခ)ကိုအောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိအောက်ကျေးရွာအနီး လားရှိုး-တန့်ယန်းကားလမ်းတွင် ဆန်ရုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၁ ဒသမ ၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဆန်ရုံးအား သိမ်းဆည်းရမိသည့် ဘိန်းဆီခဲများနှင့်အတူ တွေ့ရစဉ်။

# ပဲခူး၊ ကနီနှင့် ရေးမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းမိ

**နေပြည်တော် မတ် ၂၇**

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက်က ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင်အမှတ် ၆ မိုင် ၄ ဖာလုံ စစ်တောင်းတံတားမုပ္ပလင်ရွှေသံလွင်တိုးဂိတ်အနီးမှ ဒိုင်နာခြောက်ဘီးယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၂၅၆၆ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယင်းနေ့တွင် ကနီမြို့နယ် စဖိုကြီးကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းဘေးရှိ စက်လှေတစ်စင်းနှင့် ဖောင်လေးဖောင်ပေါ်မှ တရားမဝင် ကျွန်း၊ အင် သစ်/ခွဲသား စုစုပေါင်း ၃၂ ဒသမ ၄၃၂၅ တန်ကို ဖမ်းဆီးရမိသည်။ ဆက်လက်၍ မတ် ၂၃ ရက်၌ ရေးမြို့နယ် အစင်-ဖယ်ဝီးသွား ကားလမ်းနံဘေး အစင်ကျေးရွာမှ တရားမဝင် ကောင်းမှူခွဲသား ၂၄ ဒသမ ၇၁၇၀ တန်တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

# သာပေါင်းမြို့နယ်တွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်

**သာပေါင်း မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သာပေါင်း-မကျီးဇင်တောင်ပေါ်ကားလမ်း မိုင်တိုင် ၂၉/၀ နှင့် ၁ အကြား ကျားခေါင်းကျေးရွာအနီးတွင် မတ် ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်က ခရီးသည်များ တင်ဆောင်လာသည့်ယာဉ်တစ်စီး ကုန်းအတက်၌ နောက်ပြန်လျှောကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာပေါင်း-မကျီးဇင်တောင်ပေါ်ကားလမ်းအတိုင်း ခရီးသည်များ တင်ဆောင်၍ ချောင်းသာမြို့နေ တင်အောင်ဝင်း (ခ)အိုးစည် (၂၉ နှစ် )မောင်းနှင်လာသည့် 3L/---- ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်သည့် နေရာအရောက် တောင်ကုန်းအတက်တွင် နောက်ပြန်လျှောကျကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ် တိမ်းမှောက်မှုကြောင့် ခရီးသည်များအနက် အမျိုးသားငါးဦး၊ အမျိုးသမီးခုနစ်ဦး ဒဏ်ရာများရရှိခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးငယ်တစ်ဦးတို့မှာ ဒဏ်ရာပြင်းထန်သည့်အတွက် စိုးရိမ်ရကြောင်း သိရသည်။ **သန်းလွင်**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၃-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - "လန်ချန်း-မဲခေါင် (၃)နှစ်ပြည့်အခမ်းအနား"
- ၉း၃၀ - လုပစုံလင်အာဆီယံတစ်ခွင်
- ၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၅း၃၀ - "ဘတောဝါနေသာဘရိယသတိ"

**ညပိုင်း**

- ၁၆း၃၅ - Soccer View
- ၁၈း၂၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "အားလုံးပျော်နိုင် AMI"
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဒါရိုက်တာ-စံရွှေမောင်)

# လှိုင်းဘွဲ့မြို့နယ်တွင် သစ်ခွဲစက် ၁၅ လုံး၊ တရားမဝင် သစ်မျိုးစုံ ၁၇၁၇ လုံးနှင့် သစ်ခွဲသားမျိုးစုံ ၄၆ တန်ခန့် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စုအတွင်း၌ မတ် ၂၅ ရက်က တရားမဝင်သစ်စက်များဖြင့် သစ်များခွဲစိတ်ခြင်း၊ ယင်းသစ်များအား သံလွင်မြစ်/ကားလမ်းအတိုင်း ဖောင်၊ စက်လှေ၊ မော်တော်ယာဉ်များဖြင့် အခြားနိုင်ငံသို့ ပို့ဆောင်ရောင်းချနေကြောင်း သတင်းအရ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး သန်းဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ဘားအံခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့က အဖွဲ့ငါးဖွဲ့ခွဲ၍ ရွှေဂွန်းကျေးရွာအုပ်စုအတွင်း ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ စံပြအေးရပ်ကွက်နေ ဦးသန်းထိုက်ဦး ပိုင်ဆိုင်သည့် ခြံဝင်းနှင့် ကူးတို့ဆိပ်သစ်စက်တို့မှ တရားမဝင် သစ်မျိုးစုံ ၃၃၇ လုံး၊ သစ်ခွဲသားမျိုးစုံ ခြောက်တန်၊ သစ်ခွဲစက်နှစ်လုံး၊ ကျောင်းလမ်းထိပ်၌ ဟန်မင်းအောင်ပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင် အခြားသစ်အလုံး ၈၀၊ သစ်ခွဲသားမျိုးစုံသုံးတန်၊ သစ်ခွဲစက်နှစ်လုံးနှင့် တရားမဝင် အခြားသစ်ခုနစ်လုံးတို့အား လည်းကောင်း၊ အောက်တောရပ်ကွက် ဝါးခုတ်တောကျေးရွာနေ ဦးအေးမောင် (စိစစ်ဆဲ) ပိုင်ဆိုင်သည့် ခြံဝင်းအတွင်းမှ အခြားသစ် ၁၄၅ လုံး၊ တကူဆိပ်ကျေးရွာနေ ဦးအောင်ကျော်မိုး ပိုင်ဆိုင်သည့်သစ်စက်မှ တရားမဝင် အခြားသစ်လုံး ၂၀၀၊ သစ်ခွဲသားမျိုးစုံ ငါးတန်၊ သစ်ခွဲစက်နှစ်လုံးနှင့် ကမ်းနီကျေးရွာနေ ကျော်ဒို့ ပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင်အခြားသစ်လုံး ၂၀၀၊ သစ်ခွဲသားမျိုးစုံနှစ်တန်၊ သစ်ခွဲစက်တစ်လုံးတို့ကို လည်းကောင်း၊ အောက်တောရပ်ကွက်နေ စိုးဇော်ထူး ပိုင်ဆိုင်သည့်သစ်စက်မှ တရားမဝင် သစ်မျိုးစုံ ၁၉၅ လုံး၊ သစ်ခွဲသားမျိုးစုံခုနစ်တန်၊ သစ်ခွဲစက်နှစ်လုံးနှင့် စံပြကျေးရွာနေ ဦးမယ်တမူး(ခ) ဦးဌေးဝင်း ပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင် အခြားသစ် ၁၂၄ လုံး၊ သစ်ခွဲသားမျိုးစုံသုံးတန်၊ သစ်ခွဲစက်လေးလုံးတို့ကို ဖမ်းဆီးရမိသည်။

အလားတူ အဆိုပါပူးပေါင်းအဖွဲ့က မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဝါးခုတ်တောကျေးရွာနေ ဦးအေးမောင် (စိစစ်ဆဲ)၏ သစ်စက်မှ တရားမဝင် အခြားသစ် ၄၂၉ လုံး၊ သစ်ခွဲသားမျိုးစုံ တန် ၂၀၊ သစ်ခွဲစက် နှစ်လုံးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့၍ ၎င်းတို့ခုနစ်ဦးအား သစ်တောဥပဒေနှင့်အညီ အရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# စလင်းမြို့နယ်တွင် ကားနှင့် ဆိုင်ကယ်တိုက်မိ၍ အမျိုးသမီးတစ်ဦး သေဆုံး

**မကွေး မတ် ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်း-ဆင်ဖြူကျွန်းသွားကားလမ်း ထူးပေါက်ရွာလမ်းခွဲအနီးတွင် မတ် ၂၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က ကားနှင့်ဆိုင်ကယ် တိုက်မိပြီး ဆိုင်ကယ်စီးလာသူ အမျိုးသမီးသေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စလင်းမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး စိုးမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ထူးပေါက်ကျေးရွာလမ်းခွဲအနီး မိုင်တိုင် ၄၁/၁ အနီး၌ စလင်းမှဆင်ဖြူကျွန်းသို့ တောင်မှမြောက် လမ်းကြောအတိုင်း ဆိုင်ကယ်စီးလာသူ စလင်းမြို့နယ် ဥယျာဉ်စုကျေးရွာနေ မဥမ္မာ (၃၆ နှစ်) အား ယာဉ်ကြောအတိုင်း ဆိုင်ကယ်နောက်မှလိုက်ပါလာသည့် တင်ထွန်းအောင် (၂၆နှစ်) မောင်းနှင်လာသောကားက ဆိုင်ကယ်အား ကျော်တက်စဉ် ဆိုင်ကယ်၏ ညာဘက်ဘေးကို ပွတ်တိုက်ချိတ်မိခဲ့ပြီး မဥမ္မာတွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့နောက် ဒဏ်ရာရရှိသူ မဥမ္မာအား ဆေးရုံသို့ပို့ဆောင်ပြီး ကုသနေစဉ် ရရှိဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ခါးပိုက်နှိုက်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်းတွင် ခါးပိုက်နှိုက်အမှုမှ ပြစ်မှုကျူးလွန်သူများဖြစ်သည့် အောင်လွင်ဦး၊ မြလှိုင်(ခ)ကြွက်နီ၊ ထွန်းထွန်း၊ အောင်ဟိန်း၊ ဝင်းသူအောင်(ခ) အောင်မေး(ခ)အော်ကြီး၊ ကျော်မင်းဦးတို့ ခြောက်ဦးအား အခြားပြစ်မှုများ ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ထိုသို့စစ်ဆေးရာ အောင်ဟိန်း၊ ထွန်းထွန်း၊ ဝင်းသူအောင်(ခ)အောင်မေး(ခ)အော်ကြီးနှင့် မြလှိုင်(ခ)ကြွက်နီတို့မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် ခရီးသည်များ၏ အိတ်အတွင်းမှ ဖုန်းများကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် ခရီးသည်များ၏ အိတ်အတွင်းမှ ဖုန်းများကိုလည်းကောင်း စုစုပေါင်း ဖုန်း ၂၇ လုံးကို အသီးသီး နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့မရဲစခန်းများသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ အဝတ်အထည်နှင့် ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၉၉၀၊ သွင်းကုန် ၃၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်ကိုးစီး၊ သွင်းကုန် ၁၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၁၅ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များနှင့် အထွေထွေကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မအူပင်မြို့တွင် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်

**မအူပင် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အမှတ် (၁၁) ရပ်ကွက် ကမ်းနားလမ်းရှိ သစ်လွင်ထူးမြန်မာ့ထမင်းဆိုင်တွင် မတ် ၂၆ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ရောက်ရှိပြီး မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီးတို့ဖြင့် ပူးပေါင်းပြီး မီးငြိမ်းသတ်ရာ ည ၈ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ နေအိမ်ဈေးဆိုင်အပေါ်ထပ်ဘုရားစင်တွင် ပူဇော်ထားသော အလှဆင်လျှပ်စစ်မီးဆိုင်းမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးစတင်လောင်ခဲ့ရာ အလျားပေ ၃၀၊ အနံပေ ၂၀ သွပ်မိုး၊အုတ်ကာ၊ ကွန်ကရစ်ခင်းနှစ်ထပ်နေအိမ်နှင့်တွဲလျက် အလျား ၂၅ ပေ၊ အနံ ၁၂ ပေရှိ သွပ်မိုး၊ မြေစိုက်၊ ကွန်ကရစ်ခင်းဆိုင်ခန်းတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **အောင်ခိုင်၊အောင်မြင့်မြတ် (မအူပင်)**



ဝိုင်းဝန်းမီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

# ကော့ကရိတ်တွင် မိုးကြိုးပစ်၍ အမျိုးသားသုံးဦးသေဆုံး

**ကော့ကရိတ် မတ် ၂၇**

ကော့ကရိတ်မြို့ မွေးမြူရေးဇုန်တံတားအနီးတွင် မတ် ၂၆ ရက် ညနေ ၆ နာရီခန့်က ဖရဲစိုက်ခင်းမှ ဖရဲသီးများကို အလုပ်သမားခြောက်ဦးက ၁၂ ဘီးယာဉ်ပေါ်တင်နေစဉ် မိုးသည်းထန်စွာရွာပြီး မိုးကြိုးပစ်သဖြင့် ခရမ်းမြို့နယ် ဘုရားပြိုရွာနေ အောင်ဝင်း (၄၇နှစ်)၊ ဝတုတ် (၁၆နှစ်)နှင့် လှည်းကူးမြို့နယ် ကျွန်းကလေးရွာနေ ကိုသက် (၂၈နှစ်) တို့ သေဆုံးသွားကြောင်း သိရသည်။ **တင်ဝင်းလှိုင်**

# အမေရိကန်သမ္မတ၏ နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာချက် ပယ်ဖျက်နိုင်ရေး အောက်လွှတ်တော် ကြိုးစားမှု မအောင်မြင်



ကွန်ဂရက်သို့ ရောက်ရှိလာသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို တွေ့ရစဉ်။

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာချက်ကို ပယ်ဖျက်နိုင်ရေး အောက်လွှတ်တော်က ကြိုးစားခဲ့ရာ မအောင်မြင်ကြောင်း သိရသည်။

ဒီမိုကရက်များ ကြီးစိုးသည့် အောက်လွှတ်တော်တွင် သမ္မတ၏ ဗီတိုအာဏာကို ပယ်ဖျက်ရေးမဲခွဲမှုတွင် ထောက်ခံမဲ ၂၄၈ မဲ၊ ကန့်ကွက်မဲ ၁၈၁ မဲ ရရှိခဲ့သော်လည်း အများစုထောက်ခံမှု သုံးပုံနှစ်ပုံပြည့်ရန်အတွက် ထောက်ခံမဲ ၃၈ မဲလိုအပ်ခဲ့ကြောင်း သိရသည်။ အမေရိကန်နှင့် မက္ကဆီကို နယ်စပ်တစ်လျှောက် တံတိုင်းတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံကို တခြားအစိုးရရန်ပုံငွေမှ လွှဲပြောင်းရယူနိုင်မည့် အရေးပေါ်အခြေအနေတစ်ရပ်ကို လွန်ခဲ့သည့်လက အမေရိကန်သမ္မတထရမ့်က ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတထရမ့်သည် နယ်စပ်တံတိုင်းတည်ဆောက်ရေးတွင် သုံးလိုသည့်ငွေကို ပြည်ထောင်စု ငွေစာရင်းထဲမှ ရယူသုံးစွဲခွင့်ရရှိထားသော်လည်း သမ္မတ၏ ပယ်ချခံရသည့် ဥပဒေကြမ်းကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့က အတည်ပြုထားကြောင်း သိရသည်။

လွှတ်တော်အမတ်အများအပြားက သမ္မတ၏ အသုံးစရိတ်နှင့်ပတ်သက်ပြီး လွှတ်တော်ကသာ ဆုံးဖြတ်ခွင့်ရှိသင့်ကြောင်း ပြောဆိုထားသည်။

ယခုတစ်ကြိမ် အမေရိကန်သမ္မတထရမ့်သည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုခြင်းသည် ၂၀၁၇ ခုနှစ်မှစလျှင် ပထမဆုံး အကြိမ်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က အမေရိကန်-မက္ကဆီကိုနယ်စပ်တစ်လျှောက် တံတိုင်းတည်ဆောက်ရေးစတင်ရန် ကာကွယ်ရေးရန်ပုံငွေထဲမှ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့် တပ်မတော်ကအသုံးပြုနိုင်ရေး ခွင့်ပြုပေးနိုင်သည်ဟု ပြောကြားထားသည်။

**အေအက်ဖ်ပီ**

# ဟားမားစ်တို့က အစ္စရေးနိုင်ငံအားတိုက်ခိုက်မှု မရပ်လျှင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးသံအမတ်ကြီးပြော

**ဂါဇာ မတ် ၂၇**

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံအား တိုက်ခိုက်မှုမရပ်လျှင် အစ္စရေးနိုင်ငံက လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးသံအမတ်ကြီးက ကုလသမဂ္ဂတွင် ယမန်နေ့က ပြောခဲ့သည်။

ဟားမားစ်တို့၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ အလယ်ပိုင်းနေအိမ်တစ်လုံးအား ထိမှန်ခဲ့ပြီး လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် အစ္စရေးက ဂါဇာရှိ ဟားမားစ်ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

ထိမှန်ခဲ့သော နေအိမ်မှ ဒဏ်ရာရရှိသူများတွင် ကလေးနှစ်ဦး၊ မွေးကင်းစကလေးငယ်တစ်ဦးနှင့် အဘွားဖြစ်သူတို့ ပါဝင်ခဲ့ကြောင်း အစ္စရေးသံအမတ် ဒန်နီဒါနွန် က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အပြစ်မဲ့သည့်ကလေးများ ဟားမားစ်တို့၏ ပစ်မှတ်ဖြစ်လာခြင်းကို လုံးဝလက်ခံသွားမည်မဟုတ်ကြောင်းနှင့် မိမိတို့အနေဖြင့် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် ကြောက်မက်ဖွယ်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျှင် ဟားမားစ်ခေါင်းဆောင်များကို အစ္စရေးကာကွယ်ရေးတပ်များက ဂါဇာဥမင်လိုဏ်ခေါင်းအတွင်း မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဒါနန်က ဆက်လက်ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဂါဇာကမ်းမြောင်ဒေသနှင့် ပတ်သက်ပြီး စစ်ရေးဆိုင်ရာ လုပ်ဆောင်မှုများ လုပ်ဆောင်သွားရန် ပြင်ဆင်နေကြောင်း ပြောကြားပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ ဒုံးကျည်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ အစ္စရေးသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များနှင့် အဆိုပါအရေးကို ဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် မတ် ၂၅ ရက်က ဟားမားစ်တို့၏ ဒုံးကျည် တိုက်ခိုက်မှုကြောင့် ၎င်း၏ ဝါရှင်တန်ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**




ပျက်စီးသွားသည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။

# ထိုင်းအစိုးရသစ်ဖွဲ့စည်းမည့်အစီအစဉ်တွင် မိမိပါဝင်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ် ပြော



လက်ရှိ ထိုင်းနိုင်ငံအစိုးရကို ဦးဆောင်နေသည့် ဝန်ကြီးချုပ် ပရာယုချန်အိုချာ

**ဗန်ကောက် မတ် ၂၇**

ထိုင်းအစိုးရသစ်ဖွဲ့စည်းမည့်အစီအစဉ်တွင် မိမိပါဝင်မည်မဟုတ်ကြောင်း လက်ရှိထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားလိုက်သည်။

အစိုးရသစ်ဖွဲ့စည်းပြီးသည့်အချိန်အထိ ဝန်ကြီးချုပ်တာဝန်ကို မိမိအနေဖြင့် ဆက်လက်ပြီး ထမ်းဆောင်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရသစ် ဖွဲ့စည်းခြင်းသည် နိုင်ငံရေးအဖွဲ့တစ်ခု၏ အလုပ်ဖြစ်သောကြောင့် မိမိအနေဖြင့် ဝန်ကြီးချုပ်အဖြစ်နှင့် နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီ၏ ခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားလိုက်သည်။

မဲပေးခဲ့ကြသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အထွေထွေရွေးကောက်ပွဲအပြီး မတ် ၂၄ ရက်က ပထမဆုံးအကြိမ်ပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးအတွင်း ဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောသည်။ တပ်မတော်က ထောက်ခံထားသည့် ဖလန်းပရချားရတ်ပါတီသည် လက်ရှိဝန်ကြီးချုပ် ပရာယုအား အစိုးရဖွဲ့သည့်အခါ ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်ထားကြောင်း သိရသည်။ ထို့အပြင် အဆိုပါပါတီအနေဖြင့် အစိုးရဖွဲ့နိုင်ရေးအတွက် အောက်လွှတ်တော်အမတ်နေရာ ၅၀၀ တွင် ၂၅၁ နေရာရရှိရန် ခန့်မှန်းထားကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံ အဓိကအတိုက်အခံ နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ဖြူထိုင်းပါတီသည် လက်ရှိဝန်ကြီးချုပ် ပရာယုချန်အိုချာပါဝင်သည့် ဖာလန်ပရာချာရတ်ပါတီကို ယှဉ်ပြိုင်ရန် ၎င်းပါတီအပါအဝင် အခြားပါတီခြောက်ခုနှင့် ပူးပေါင်းပြီး မတ် ၂၇ ရက်က ညွန့်ပေါင်း ပါတီတစ်ခုဖွဲ့စည်းလိုက်သည်။

ဖြူထိုင်းပါတီသည် လက်ရှိတွင် အမတ်နေရာ ၂၅၅ နေရာရရှိထားကြောင်း ယင်းပါတီ၏ ဝန်ကြီးချုပ်သစ်အဖြစ် လျာထားခံရသည့် ဆူဒါရတ်ကီယူရာဖန်က မတ် ၂၇ ရက်တွင် ဗန်ကောက်မြို့တွင် ကြေညာလိုက်သည်။ တပ်မတော်ထောက်ခံထားသည့် ဖာလန်ပရာချာရတ်ပါတီအနေဖြင့် နိုင်ငံရေးအာဏာကို ဆက်လက်ရယူထားသည့် အခြေအနေကို အဆုံးသတ်ပေးချင်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားလိုက်သည်။

ဒီမိုကရေစီလိုလားသည့်ပါတီအနေဖြင့် လူထု၏ယုံကြည်မှုနှင့် ထောက်ခံမှု အများဆုံးရရှိခဲ့ကြောင်း၊ အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ်အရေအတွက် အတိအကျ မသိရသေးသော်လည်း မိတ်ဖက်ပါတီအားလုံးသည် အမတ်နေရာ ၂၅၅ နေရာထက်မနည်း ရရှိထားကြောင်း ဖြူထိုင်းပါတီခေါင်းဆောင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ အခြေခံဥပဒေသစ်အရ တပ်မတော်က ရွေးချယ်ထားသည့် အထက်လွှတ်တော်အမတ် ၂၅၀ နှင့်အတူ အောက်လွှတ်တော်ကိုယ်စားလှယ် ၅၀၀ တို့က ဝန်ကြီးချုပ်သစ်ကို ရွေးချယ်ရမည်ဖြစ်သည်။

လွတ်လပ်သည့် ရွေးကောက်ပွဲဆိုင်ရာ အာရှကွန်ရက်က မဲရလဒ်များတွင် မမှန်ကန်သည့် အချက်အလက်များ တွေ့ရှိခဲ့ကြောင်း ပြောကြားလိုက်သော်လည်း ရွေးကောက်ပွဲကော်မရှင်က အမှားအယွင်းများသည် လူများ၏ ချွတ်ချော်မှုကြောင့်ဟု ပြောဆိုထားသည်။

ထိုင်းနိုင်ငံ ရွေးကောက်ပွဲ တရားဝင်ရလဒ်များကို မေလ ၉ ရက်တွင် ကြေညာသွားမည်ဟု ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ပြောထားသည်။

**အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံသည် ဂြိုဟ်တုဖျက် ဒုံးကျည်တစ်စင်းကို အာကာသထဲတွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့

**နယူးဒေလီ မတ် ၂၇**

အိန္ဒိယနိုင်ငံသည် ဂြိုဟ်တုဖျက် ဒုံးကျည်တစ်စင်းကို အာကာသထဲတွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ပြုလုပ်နိုင်ခဲ့ခြင်းသည် အာကာသဆိုင်ရာ အစီအစဉ်၏ အောင်မြင်မှုကြီးတစ်ခုဖြစ်ကြောင်း အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ကမ္ဘာ့လေထုအပေါ်ဘက် ကီလိုမီတာ ၃၀၀ အကွာရှိ ကမ္ဘာပတ်လမ်းကြောင်းထဲမှ ဂြိုဟ်တုတစ်စင်းကို သိပ္ပံပညာရှင်များက အောင်မြင်စွာ ဖျက်ဆီးနိုင်ခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ရုပ်မြင်သံကြားမှ နိုင်ငံကိုပြောသည့် မိန့်ခွန်းတွင် ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့ကဲ့သို့ အာကာသတွင် ဩဇာကြီးမားလာသည့် နိုင်ငံတစ်ခုဖြစ်လာပြီဖြစ်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံက မတ် ၂၇ ရက်က စမ်းသပ်ခဲ့သည့်စမ်းသပ်မှုသည် နိုင်ငံတကာသဘောတူညီမှု အချက်များမှ မည်သည့်အချက်ကိုမျှ ချိုးဖောက်ခဲ့ခြင်းမရှိကြောင်း ဝန်ကြီးချုပ်မိုဒီက ဆက်လက်ပြောကြားလိုက်သည်။ ယခုစမ်းသပ်မှုသည် နိုင်ငံတော်လုံခြုံရေးအတွက် ရည်ရွယ်ပြီး လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အာကာသဆိုင်ရာ အစောပိုင်းအချိန်များတွင် အမေရိကန်နိုင်ငံနှင့် ယခင် ဆိုဗီယက်ယူနီယံတို့က ဂြိုဟ်တုထဲတွင် စမ်းသပ်မှုများ လုပ်ဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အမေရိကန်နိုင်ငံက ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ ပစ်ချနိုင်ခဲ့သည်။ ထို့နောက် တရုတ်နိုင်ငံက ၂၀၀၇ ခုနှစ်တွင် ဂြိုဟ်တုတစ်စင်းကို ပစ်ချနိုင်ခဲ့ပြီးနောက် အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# နိုင်ငံတကာ သတင်းတိုထွာ

## ဘိုးရင်း ၇၃၇ ပျံသန်းမှု ရပ်ဆိုင်းရန် ပို့ဆောင်စဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်နိုင်ငံ ဆောက်သ်ဝက်စ် အဲယားလိုင်းမှ ဘိုးရင်း ၇၃၇ မက်စ် လေယာဉ်သည် ပျံသန်းမှု ရပ်ဆိုင်းရန် အတွက် ပို့ဆောင်စဉ် ယမန်နေ့က အော်လန်ဒိုမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အရေးပေါ် ဆင်းသက်ခဲ့ရ ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။

အဆိုပါလေယာဉ်သည် အမေရိကန် နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒို မြို့ရှိ လေဆိပ်မှ ယမန်နေ့ ညနေ ၃ နာရီ မတိုင်ခင် ထွက်ခွာလာခဲ့စဉ် ထိုသို့ဖြစ်ပွား ခဲ့ခြင်းဖြစ်ကြောင်း အော်လန်ဒို အပြည် ပြည်ဆိုင်ရာ လေဆိပ်မှ ပြောရေးဆိုခွင့် ရှိသူ ကာရိုလင်း ဖန်နဲလ်က ပြောသည်။

လေဆိပ်တာဝန်ရှိသူများက အဆိုပါ လေယာဉ်တွင် လေယာဉ်မှူးတစ်ဦးနှင့် တွဲဖက်လေယာဉ်မှူးတစ်ဦးသာ လိုက်ပါ လာပြီး ပျံသန်းလာစဉ် လေယာဉ်၏ စနစ် တစ်ခုချွတ်ယွင်းလာပြီး အော်လန်ဒိုမြို့သို့ အရေးပေါ် ပြန်လှည့်ခဲ့ရကြောင်းနှင့် ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း ပြောသည်။

အဆိုပါ လေယာဉ်ကိုပျံသန်းမှုမှ ရပ်ဆိုင်းရန် ကယ်လီဖိုးနီးယား ပြည်နယ် သို့ သွားရောက်ပို့ဆောင်စဉ် အင်ဂျင် ချွတ်ယွင်းမှု ဖြစ်ခဲ့ကြောင်းနှင့် ယင်း ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း လေကြောင်းဦးစီးဌာနက ပြောသည်။

**ဆင်ဟွာ**

## ဂရိဝန်ကြီးချုပ်၏ ရဟတ်ယာဉ်ကို တိုက်ခိုက်မှုမလုပ်ကြောင်း တူရကီငြင်းဆို

**အန်ကာရာ မတ် ၂၇**

ဂရိဝန်ကြီးချုပ်၏ ရဟတ်ယာဉ်ကို တိုက်ခိုက်မှုမလုပ်ကြောင်း တူရကီက ယမန်နေ့က ငြင်းဆိုလိုက်သည်။

ဂရိဝန်ကြီးချုပ် လိုက်ပါလာသော ရဟတ်ယာဉ်ကို အေဂျီယန်ပင်လယ်တွင် နှောင့်ယှက်မှုပြုလုပ်သည့် ဖြစ်စဉ်၌ တူရကီဂျက်လေယာဉ်များ ပါဝင်ခြင်း မရှိ ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များ၏ ပြောကြားချက်ကို ကိုးကားကာ နိုင်ငံပိုင် အနာဒိုလူ သတင်းအေဂျင်စီက ပြော သည်။

မတ် ၂၅ ရက်တွင် အဂါသိုနီစီကျွန်း သို့ သွားရောက်သည့် ဂရိနိုင်ငံဝန်ကြီးချုပ် အဲလက်စီစီးပရက်စ် လိုက်ပါလာသည့် ရဟတ်ယာဉ်ကို တူရကီနိုင်ငံ၏ မြေထဲ ပင်လယ်ကမ်းရိုးတန်းမှ မိုင်အနည်းငယ် အကွာတွင် တူရကီဂျက်လေယာဉ်များက အသံများပေးကာ နှောင့်ယှက်ခဲ့ကြောင်း ဝန်ကြီးချုပ်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

တူရကီဂျက်လေယာဉ်များက မိမိတို့ ရဟတ်ယာဉ်ကို အမြင့်ပေနိမ့်သွား အောင် နှောင့်ယှက်တိုက်ခိုက်မှုများ လုပ် ဆောင်ခဲ့ကြောင်း ဂရိနိုင်ငံ ဝန်ကြီးချုပ် အဲလက်စီ စီးပရက်စ်က ပြောဆိုခဲ့သော် လည်း တူရကီက ငြင်းဆိုခဲ့သည်။ **ဆင်ဟွာ**

# သဘောတူညီချက်မရဘဲ လမ်းခွဲဖို့ အဆင်သင့် ဖြစ်နေပြီလား

*ထွန်းသစ်စ*

**ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးအတွက် ၂၀၁၆ ခုနှစ်ကလုပ်ခဲ့တဲ့ လူထုဆန္ဒခံယူပွဲမှာ ထောက်ခံမဲအများစုနဲ့ ခွဲထွက်ရေးအတည်ဖြစ်ခဲ့ပေမယ့်လည်း အဲဒီလိုနုတ်ထွက်တဲ့အတွက်ကြောင့် ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံး နစ်နာမှုတွေနဲ့ ရှုပ်ထွေးနေသေးတဲ့ အချက်အလက်အသစ်တွေ ဆက်လက်ရှိနေသေးတယ်လို့ သိရပါတယ်။**

### ခရီးဆုံးတိုင်မရောက်သေး

ဗြိတိန်နိုင်ငံဟာ ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်မှာ ဥရောပသမဂ္ဂမှ ခွဲထွက်ဖို့ ရက်သတ်မှတ်ခဲ့ပေမယ့်လည်း နုတ်ထွက်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်း ဆွေးနွေးမှုတွေမှာ ခရီးဆုံးတိုင်မရောက်သေးတာကို တွေ့မြင်ရပါတယ်။

ဥရောပမှ ခွဲထွက်ရေး ဆန္ဒမဲပေးခဲ့သော်လည်း တကယ်တမ်းတော့ ဗြိတိသျှလူမျိုးတွေဟာ ဘရီးဇစ်အရေးနဲ့ပတ်သက်ပြီး နှစ်ခြမ်းကွဲနေပါ သေးတယ်။ ဘရီးဇစ်အရေးဟာ ပြီးဆုံးတော့မယ့် အခြေအနေကို တဖြည်းဖြည်း ရောက်ရှိလာပြီ ဖြစ်ပါတယ်။ သို့သော်လည်း ဆက်လက်ဆွေးနွေး ညှိနှိုင်းရမယ့် ကိစ္စလေးတွေ အနည်းငယ်ကျန်ရှိ နေသေးပါတယ်။

### လမ်းခွဲရမယ့် အလားအလာနဲ့ ရင်ဆိုင်ရနိုင်

အကယ်၍ ဘရီးဇစ် အကျပ်အတည်းကို ဗြိတိန်နိုင်ငံရေးစနစ်က မဖြေရှင်းနိုင်ပါက သို့မဟုတ် ဖြေရှင်းဖို့ ပျက်ကွက်ခဲ့ပါက ဗြိတိန်ဟာ ဧပြီ ၁၂ ရက်မှာ ဥရောပသမဂ္ဂမှ ဒီအတိုင်းလမ်းခွဲ ရမယ့် အလားအလာနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဗြိတိန် ကုမ္ပဏီ ၈၀ ရာခိုင်နှုန်းက သူတို့တွေအနေနဲ့ ဥရောပသမဂ္ဂက ဘာသဘောတူညီချက်မှ မရဘဲ ဒီအတိုင်းလမ်းခွဲရမယ့် အနေအထားအတွက် အသင့်ဖြစ်နေတယ်လို့ အင်္ဂလန်ဘဏ်က မတ် ၂၁ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အချက်အလက် စစ်တမ်း အရလည်း သိရပါတယ်။

သို့သော်လည်း အင်္ဂလန်ဘဏ်က ထုတ်ပြန် ခဲ့တဲ့ အချက်အလက်စစ်တမ်းက ကုမ္ပဏီအများ စုဟာ သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံတဲ့ အခွန်အကောက်များ၊ နယ်စပ်သဘောထား ကွဲလွဲမှုများ၊ ငွေကြေးလဲလှယ်နှုန်းထားများနဲ့ အသိ အမှတ်ပြု သက်သေခံလက်မှတ်များအပေါ် အကျိုး သက်ရောက်နိုင်မှုများအပေါ် ထိန်းချုပ်လို့ မရကြောင်း ဖော်ပြခဲ့ပါတယ်။

### အကောက်ခွန် ကင်းလွတ်ခွင့်ရရှိ

ဖေဖော်ဝါရီလက အီးယူနိုင်ငံများနဲ့ ကုန်သွယ်မှုလုပ်ဆောင်ခဲ့တဲ့ စီးပွားရေးလုပ်ငန်း ၂၄၀၀၀၀ မှ ၄၀၀၀၀ လောက်သာ လိုအပ်တဲ့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိကြောင်း အစိုးရက ပြောပါတယ်။

ဗြိတိန်ဟာ အီးယူနဲ့ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့က သတ်မှတ်ထားတဲ့ နည်းလမ်းတွေနဲ့ ကုန်သွယ်မှု လုပ်ဆောင်တဲ့နေရာမှာ တတိယနိုင်ငံ ဆိုင်ရာအခြေအနေ အကြောင်းတရားတွေ ချွတ်ယွင်းကောင်း ချွတ်ယွင်းနိုင်ပါတယ်။ ဆိုလို သည်မှာ အီးယူရဲ့တတိယနိုင်ငံအတွက် စည်းကြပ် ကောက်ခံတဲ့ အခွန်အကောက်တွေဟာ ၁ ဒသမ ၅ ရာခိုင်နှုန်းပဲရှိပြီး လျော့နည်းနေတဲ့ အချိန်မှာ ဗြိတိန်နဲ့ပြုလုပ်တဲ့ အချို့ကဏ္ဍတွေမှာ အထူးသဖြင့် ကားတင်သွင်းမှုအပေါ် စည်းကြပ် ကောက်ခံတဲ့ အခွန်အကောက်တွေဟာ ၁၀ ရာခိုင်နှုန်းလောက်ရှိတာကို ပြောတာပါ။

### ရသင့် ရထိုက်တဲ့အခွင့်အရေးတွေဆုံးရှုံး

ဗြိတိန်ဟာ အီးယူကုန်သွယ်ရေး သဘော တူညီချက်လွှမ်းခြုံထားတဲ့ ဈေးကွက်တွေမှာ ရသင့် ရထိုက်တဲ့အခွင့်အရေးတွေ မရဘဲ ဆုံးရှုံးတာတွေ လည်းရှိနေပါတယ်။ သို့သော်လည်း ဗြိတိန်ဟာ ဆွစ်ဇာလန်နဲ့ အစ္စရေးနိုင်ငံတွေနဲ့တော့ ကုန်သွယ် မှုတွေ လုပ်သင့်သလောက်လုပ်တာကို တွေ့ရပါ တယ်။ ထို့အတူ ဗြိတိန်ဟာ အမေရိကန် ပြည်ထောင်စု၊ သြစတြေးလျနဲ့ နယူးဇီလန်နိုင်ငံ တွေနဲ့လည်း ကဏ္ဍအတော်များများမှာ အပြန် အလှန် နားလည်မှုတွေရှိနေပါတယ်။

အီးယူက အကောက်ခွန် စစ်ဆေးမှုတွေ ချက်ချင်းလုပ်ဆောင်မယ်လို့ ပြောပါတယ်။ ထို့အတူ အစားအသောက်လုံခြုံစိတ်ချရမှုနဲ့ ဗြိတိန်နယ်စပ် ကို အီးယူရဲ့ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှုတွေ ရှိ အောင်လည်း လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။

### လမ်းကြောင်းသစ်တွေ ဖွင့်လှစ်ဖို့ ဆောင်ရွက်

ဗြိတိန်ဟာ လမ်းကြောင်းသစ်တွေ ဖွင့်လှစ်ဖို့ ဆောင်ရွက်လျက်ရှိပြီး အခြားဆိပ်ကမ်း လမ်း ကြောင်းတွေကတစ်ဆင့် ကွန်ရက်တွေပိုမိုရရှိ အောင် လုပ်ဆောင်ကာ အင်္ဂလန်အရှေ့တောင်ပိုင်း မှာရှိတဲ့ ဒိုဗာဆိပ်ကမ်းမြို့ရဲ့ စည်ကားမှုတွေကို အနည်းငယ်လျှော့ချဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ ဗြိတိန်အစိုးရက အစားအသောက် ပြတ်လပ်သွား မှာတော့ မစိုးရိမ်ရပါဘူးလို့ ပြောပါတယ်။ သို့သော် လည်း အစားအသောက်ပိုင်းမှာ ရွေးချယ်မှုတွေ တော့ရှိလာပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ကတော့ ဘရီးဇစ်အရေးကြောင့် လူတွေ အစိုးရိမ် လွန်ကာ အစားအစာတွေကို စုပုံပြီး ဝယ်ယူလာမှာ ကိုတော့ စိုးရိမ်မကင်း ဖြစ်နေပါတယ်။

ဗြိတိန်က တင်းမာမှုတွေ မြင့်တက်လာနိုင်တဲ့ အတွက် အိုင်ယာလန်နိုင်ငံနဲ့ ထိစပ်နေတဲ့ နယ်စပ် ဒေသမှာ အလျင်စလို အကောက်ခွန်စစ်ဆေးမှု တွေ လုပ်ဆောင်သွားမှာတော့ မဟုတ်ပါဘူး။ သို့သော်လည်း အီးယူက ကုန်စည်ဖြတ်သန်းစီးဆင်း တဲ့ လမ်းကြောင်းတွေကို စောင့်ကြည့်သွားဖို့ လုပ်ဆောင်နေတာတွေတော့ ရှိပါတယ်။

### စည်းကမ်းတွေ ပြန်လည်ပြဋ္ဌာန်း

ဗြိတိန်က အီးယူနဲ့ အပေးအယူမရှိဘဲ ဘရီးဇစ် အရေး ပြီးဆုံးခဲ့မယ်ဆိုပါက မြောက်အိုင်ယာလန်နဲ့ တချို့ကိစ္စနဲ့ ပတ်သက်ပြီးတော့ စည်းမျဉ်း စည်းကမ်းတွေ ပြန်လည်ပြဋ္ဌာန်းဖို့ ရှိနေတယ်လို့ သိရပါတယ်။

အီးယူအဖွဲ့ဝင်နိုင်ငံသား ၃ ဒသမ ၅ သန်း လောက်ဟာ ဗြိတိန်နိုင်ငံမှာ နေထိုင်နေပါတယ်။ ကျန်တဲ့ ဗြိတိန်တစ်သန်းလောက်ဟာ အီးယူရဲ့ တခြားနေရာတွေမှာ နေထိုင်လျက် ရှိပါတယ်။ ဗြိတိန်နဲ့ တခြားအီးယူအဖွဲ့ဝင် နိုင်ငံတွေဟာ သူတို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်နေကြပါ တယ်။ သို့သော်လည်း သူတို့ရဲ့ ကာလရှည်ကြာ နေထိုင်လာခဲ့တဲ့ အခြေအနေတွေကိုတော့ ဝန်ကြီးချုပ် ထရီဇာမေရဲ့ သဘောတူညီချက်မှာ ပြတ်ပြတ်သားသား သတ်မှတ်ထားပြီးသား ဖြစ်ပါ တယ်။ ဥပမာအနေနဲ့ အီးယူကိုသွားတဲ့ ဗြိတိန် တွေကို ရက် ၉၀ ကြာ နေထိုင်ခွင့် ကန့်သတ်ထား တာ တွေ့ရမှာဖြစ်ပြီးတော့ သူတို့ရဲ့ နိုင်ငံကူး လက်မှတ်တွေကိုလည်း တင်းကျပ်စွာ စစ်ဆေးသွား မှာ ဖြစ်ပါတယ်။

ဗြိတိန်အစိုးရက ဆေးဝါးကုမ္ပဏီတွေကို အီးယူ မှ တင်သွင်းသည့်ဆေးဝါးများကို ဖြန့်ဖြူးခြင်းမရှိဘဲ တစ်လခွဲလောက် လက်ဝယ်ထားရှိဖို့ တိုက်တွန်း ထားပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးတွေကတော့ ဆေးဝါးတင်ပို့မှုဟာ ဦးစားပေးကိစ္စဖြစ်ကြောင်း ဆိုပါတယ်။

### ဆင့်ပွားဈေးကွက်ကို ကာကွယ်

သို့သော်လည်း ဗြိတိန်နဲ့ အီးယူကြား တချို့ နေရာလေးတွေမှာ ယာယီသဘောတူညီချက်လေး တွေတော့ ရှိပါတယ်။ အထူးသဖြင့် လန်ဒန်မှာ အခြေစိုက်မယ့် ဆင့်ပွားဈေးကွက်ကို ကာကွယ်ရန် တစ်နှစ်သဘောတူညီချက်မျိုးတော့ ရှိပါတယ်။

အီးယူဟာ အင်္ဂလန်က လေကြောင်းလိုင်းတွေ ကို တခြားအီးယူ ၂၇ နိုင်ငံကို ၂၀၂၀ မတ်လအထိ ဆက်လက်ပျံသန်းခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်တင်ကားတွေကိုလည်း ဗြိတိန်ကို ဝင်ထွက်ခွင့် ပြုမှာဖြစ်ပါတယ်။ ဗြိတိန်နဲ့ ပြင်သစ်ကြား ဥမင် လိုဏ်ခေါင်းကိုဖြတ်ပြီး ဖောက်လုပ်ထားတဲ့ မြန်နှုန်း မြင့် ရထားလိုင်းကိုလည်း သုံးလကြာတဲ့အထိ ဆက်လက်ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ဗြိတိန်ဟာ အီးယူမှ သဘော တူညီချက်မရဘဲ ထွက်ခွာခဲ့မယ်ဆိုရင် ဖြစ်လာမယ့် အခြေအနေတွေပဲ ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**



အီးယူမှ ဗြိတိန်ထွက်ခွာရေးအတွက် ရတက်မအေးသော ပြည်သူအချို့ကို တွေ့ရစဉ်။

**“ဘရီးဇစ်အကျပ်အတည်းကို ဗြိတိန်နိုင်ငံရေးစနစ်က မဖြေရှင်းနိုင်ပါက သို့မဟုတ် ဖြေရှင်းဖို့ ပျက်ကွက်ခဲ့ပါက ဗြိတိန်ဟာ ဧပြီ ၁၂ ရက်မှာ ဥရောပသမဂ္ဂမှ ဒီအတိုင်းလမ်းခွဲရမယ့် အလားအလာနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဗြိတိန်ကုမ္ပဏီ ၈၀ ရာခိုင်နှုန်းက သူတို့တွေအနေနဲ့ ဥရောပသမဂ္ဂမှ ဘာသဘောတူညီချက်မှမရဘဲ ဒီအတိုင်းလမ်းခွဲရမယ့် အနေအထားအတွက် အသင့်ဖြစ်နေတယ်လို့ အင်္ဂလန်ဘဏ်က မတ် ၂၁ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အချက်အလက် စစ်တမ်းအရလည်း သိရ”**

# ရှင်သန်ဆဲမြန်မာ့လက်မှုအနုပညာ

**သန်းဇော်မင်း(ပြန်/ဆက်)**

ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တွင် ရှင်သန်ဆဲမြန်မာ့လက်မှုအနုပညာများစွာ ရှိသည်။ အဆိုပါ လုပ်ငန်းများထဲတွင် ရွှေချည်ထိုးလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေချည်ထိုးလုပ်ငန်းသည် ပန်း ၁၀ မျိုး အတတ်ပညာတွင် မပါဝင်သော်လည်း ပန်းချီပညာမပါလျှင် လုပ်ကိုင်၍ မရသော လုပ်ငန်းတစ်ခုဖြစ်သည်။

ရွှေချည်ထိုးကားများကို ယခင်ပြည်ပတင်ပို့မှုရှိသော်လည်း ယခုအခါ ပြည်တွင်း၌သာ အသုံးပြုမှုများပြားကြောင်း၊ အခမ်းအနား၊ အလှူမင်္ဂလာ၊ ကုမ္ပဏီ၊ ရုံးခန်းတို့တွင် အလှဆင်သည့်အရာ တစ်ခုဖြစ်သလို ရှင်ပြုပွဲများအတွက် မောင်ရှင်လောင်းဝတ်စုံများ၊ စလွယ်များ၊ ခေါင်းပေါင်း၊ ဇာတ်သဘင်နှင့် ဝင်းခင်းလှည့်လည်သည့် အခမ်းအနားများအတွက် နတ်၊ သိကြားမင်း အဝတ်တန်ဆာ၊ ဝန်ကြီး၊ ဝန်ကလေး၊ အမတ်များဆောင်းသည့် ဖော့လုံး၊ ဖောင်း၊ မျူးကြီးမတ်ရာ ဝတ်စုံများ၊ ရုပ်သေးရုပ်အဝတ်တန်ဆာများကို ပြုလုပ်ပေးရကြောင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ်မှ ရွှေချည်ထိုးလုပ်ငန်းအား နှစ်ပေါင်း ၂၅ နှစ်ကျော် လုပ်ကိုင်လာသူ ဒေါ်ချောက ပြောသည်။

ရွှေချည်ထိုးလုပ်ငန်း၏ အဓိကကုန်ကြမ်းမှာ ကတ္တီပါစဖြစ်ပြီး အခြားသော ပိတ်စဖြူ၊ ပိတ်စနက်၊ ဖဲ၊ ပိုးစ၊ မိုင်းကိုင်စက္ကူ၊ ဘော်ကြယ်(စီးကွင့်ခေါ်ရောင်စုံပလတ်စတစ်ကြယ်များ)၊ ရွှေချည်ကြိုး၊ ငွေချည်ကြိုး၊ အရောင်လက်နေသည့် ကြိုးမျှင်ကလေးများ(နာဂထာကြိုး)၊ ကျစ်ကြိုး၊ ပန်းကြိုး ၊ ရောင်စုံချက်ကျောက်၊ ဥကျောက်၊ ကော် စသည်တို့ အသုံးပြုရကြောင်း၊ အဆိုပါ ကုန်ကြမ်းများကို အမရပူရမြို့နှင့် မန္တလေးမြို့တို့တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ကြောင်း၊ ရွှေချည်ထိုးလုပ်ငန်းပြုလုပ်ရာတွင် ကားကြက်ခြင်း၊ ပုံရေးအကွက်ဖော်ခြင်း၊ ချည်ထိုးခြင်းနှင့် ကော်ကပ်ပုံဖော်ခြင်းတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ရွှေချည်ထိုးထည်များမှာ အရုပ်ပြား၊ အရုပ်ဖောင်း ဟူ၍ နှစ်မျိုးရှိကြောင်း၊ ရွှေချည်ထိုးလုပ်ငန်းမှာ ပန်းချီ၊ အပ်ချုပ်၊ ကျောက်စီ၊ ကြယ်ခတ် စသည်ဖြင့် ကဏ္ဍများစွာ ပါဝင်ပတ်သက်နေသော လုပ်ငန်းဖြစ်သည်။ ရွှေချည်ထိုး ပန်းချီကားများကို မန္တလေးမြို့ရောက် ပြည်ပခရီးသွားများ စိတ်ဝင်တစားလာရောက် လေ့လာမှုရှိသော်လည်း ဝယ်ယူမှုနည်းပါးကြောင်း၊ ယခင်က မန္တလေးမြို့တွင် ရွှေချည်ထိုးလုပ်ငန်း လုပ်ကိုင်သူများစွာရှိသော်လည်း ယခုနောက်ပိုင်းတွင် လုပ်ကိုင်သူ တဖြည်းဖြည်း နည်းပါးလာကြောင်း သိရသည်။



ရွှေချည်ငွေချည် စီးကွင့်ဘော်ကြယ်များဖြင့် အနုစိတ်ပုံဖော်နေသည့် ရွှေချည်ထိုး ကားချပ်တစ်ခု။



ရွှေချည်ထိုးလုပ်ငန်းခွင်တစ်ခုတွင် သေးငယ်သော အပ်ကလေးများဖြင့် လက်မှုအနုပညာမြောက်စွာ ပန်းခက်ပန်းနွယ်များ အလှဆင်နေမှုကို တွေ့ရစဉ်။



ရွှေချည်ထိုးလုပ်ငန်းခွင်တစ်ခုအား ပြည်ပခရီးသွားများ လာရောက်လေ့လာနေစဉ်။



ရွှေချည်ထိုးလုပ်ငန်းခွင်တစ်ခုတွင် ရုပ်ဖောင်း၊ ရုပ်ပြားလက်ရာများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



မြန်မာ့လက်မှုပစ္စည်းများအား ရွှေချည်ထိုးလက်မှုပညာဖြင့် ပေါင်းစပ်ဖန်တီးနေသော လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။



မြန်မာ့ရိုးရာ ရုပ်သေးရုပ်များအား ရွှေချည်ထိုးလက်မှုပညာများဖြင့် ပေါင်းစပ်ဖန်တီးထားရှိမှုကို တွေ့ရစဉ်။



ရွှေချည်ထိုးကားချပ်များအား ပြည်ပခရီးသွားများ လာရောက်လေ့လာ ဝယ်ယူနေစဉ်။

# မကွေးမြို့၌ သင်္ကြန်ပွဲတော် စည်ကားအောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**မကွေး မတ် ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ တိုင်းဒေသကြီးအစိုးရ၏ကြီးကြပ်မှုဖြင့် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးက ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကာ သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အစီအစဉ်များနှင့် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆပ်ကော်မတီအသီးသီးအလိုက် တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်အား တင်ပြဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကန့်ဘလူမြို့နယ်မှပြည်သူများ တွေ့ဆုံ



ချပ်သင်းတိုက်နယ်မှ ပြည်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံစဉ်

**ကန့်ဘလူ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းတိုက်နယ်ရှိပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ချပ်သင်းကျေးရွာ သိမ်ကျောင်းဓမ္မာရုံ၌ မတ် ၂၅ ရက်က တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ဒေသခံပြည်သူတို့၏ အခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သူဟန်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှိုင်မြင့်ဟန်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးစိုးလွင်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က မိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် အခက်အခဲများရှိလျှင် ရင်းနှီးပွင့်လင်းစွာဆွေးနွေးတင်ပြကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား တိုက်ရိုက်တွေ့ဆုံ၍ ရင်ဖွင့်ကြရန် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ၎င်းတို့ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဒေသဖွံ့ဖြိုးရေး လိုလားချက်များဖြစ်သည့် မီးလင်းရေး၊ သောက်သုံးရေရရှိရေး၊ သုသာန်မြေအမိုက်များ ရှင်းလင်းပေးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် လျှပ်စစ်ဓာတ်အားခွဲရုံကို နေရာပြောင်းရွှေ့ပေးရေးတို့ကို ဆွေးနွေးတင်ပြကြပြီး မြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများကို ပြန်လည်ရှင်းလင်းခဲ့သည်။ **အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# မြစ်ကြီးနားမြို့ လမ်းလျှောက်သင်္ကြန်တွင် ခေတ်ပေါ်တေးဂီတနှင့် တိုင်းရင်းသားအကများ ထည့်သွင်းကျင်းပမည်

**မြစ်ကြီးနား မတ် ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လမ်းလျှောက်သင်္ကြန်ပွဲကိုလည်း ခေတ်ပေါ်တေးဂီတအစီအစဉ်များ၊ တိုင်းရင်းသားရိုးရာအက အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပသွားရန် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ မတ် ၂၆ ရက်က ပြုလုပ်သည့် မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးအနေဖြင့် တာဝန်ပေးအပ်မှုအလိုက် လိုအပ်သည့် အခက်အခဲများကို တင်ပြကြရန်နှင့် အထူးသဖြင့် ပွဲတော်ကာလအတွင်း ပြည်သူများ လုံခြုံအေးချမ်းစွာနှင့် ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ကြိုတင် စီမံဆောင်ရွက်ထားရန်လိုကြောင်း အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဗဟိုမဏ္ဍပ် ဆောက်လုပ်နေမှု၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှု၊ ဖွင့်ပွဲနှင့် ပိတ်ပွဲ ကျင်းပမည့် အစီအစဉ်များ၊ ယိမ်းအကပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲနှင့် ယာဉ်အလှပြပြိုင်ပွဲများအတွက် ဆုချီးမြှင့်မည့် အစီအစဉ်များ၊ နှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲများ ကျင်းပမည့် အခြေအနေများနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှုများကို တင်ပြခဲ့ကြသည်။



မြစ်ကြီးနား လမ်းလျှောက်သင်္ကြန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေးမှာကြားနေစဉ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်အပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး မြစ်ကြီးနားလမ်းလျှောက်သင်္ကြန်ပွဲတော်အတွင်း ခေတ်ပေါ်တေးသီချင်းဖျော်ဖြေမှုများအပြင် တိုင်းရင်းသားရိုးရာအကအလှ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပရန်နှင့် ပွဲတော်သို့ လာရောက်ဆင်နွှဲကြသူများအား စေတနာ ဒီသာ ဧည့်ခံကျွေးမွေးရေးကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒီးမော့ဆိုမြို့နယ်မှ မြန်မာ-ဂျပန် ချစ်ကြည်ရေးကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**ဒီးမော့ဆို မတ် ၂၇**

မြန်မာ-ဂျပန် ချစ်ကြည်ရေးအဖြစ် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူပြည်သားများက အမေရိကန်ဒေါ်လာ ကိုးသောင်းကျော်ဖြင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါကမီးကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ဆောက်လုပ်လှူဒါန်းသော အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ အာရ်စီတစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ပထမအတွင်းဝန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင် အမှန်တကယ် လိုအပ်နေသော ကျေးရွာများသို့ ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖြစ် ကျောင်းဆောင်သစ်များ လှူဒါန်းပေးသော ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူပြည်သားများအား ကျေးဇူးတင်ရှိကြောင်း၊ ကျောင်းဆောင်သစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့ထံ လွှဲပြောင်းပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်တွင် လျှပ်စစ်မီး တပ်ဆင်နိုင်ရေးအတွက် ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခုနစ်ဖွဲ့အတွက် တစ်ဖွဲ့လျှင် ထောက်ပံ့ငွေ ကျပ်ငါးသောင်းစီကို ပေးအပ်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းဆောင်ဖွင့်ပွဲသို့လာရောက်သော ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံ၍ ပြည်သူများတင်ပြသော လိုအပ်ချက်များနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၂၅ ကျပ် | ၈၅၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၀ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၉ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၅ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၅ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၀ ・ ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၃ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ ・ ၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၃ ・ ၇၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၀၃၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာ့မြေပုံကို ပြင်ဆင်ပြောင်းလဲနေကြသော လှိုင်းလုံးကြီးများ အပိုင်း(၂)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

(ယခင်တစ်ပတ်မှအဆက်)

### ဟာဝိုင်ယီကျွန်း ရေအောက်မြေပြိုကျမှု

ရေအောက်မြေပြိုကျမှုကြောင့် ရုတ်တရက်ဖြစ်ပေါ်လာသော ဧရာမ လှိုင်းတံပိုးကြီးများ၏ ဖုံးလွှမ်းမှုကို ခံလိုက်ရသည့် ဟာဝိုင်ယီကျွန်းပေါ်မှ ပင်လယ်ပြင်ဆီသို့ မျောပါသွားသူများကို ဆယ်ယူ ကယ်တင်နိုင်ရန်အတွက် လေယာဉ်နှင့် ရဟတ်ယာဉ်များက သမုဒ္ဒရာရေပြင်ပေါ်သို့ အသက်ကယ်လှေနှင့် ဖောင်များ ချပေးနိုင်ခဲ့သည့်အတွက် အသက်သေဆုံးရမှု များစွာ လျော့ပါးသက်သာခဲ့သည်။ အဆိုပါ ရေအောက်ချောက်ကမ်းပါးကြီး ပြိုကျမှုကြောင့် ဖြစ်ပေါ်လာသော ငလျင်လှိုင်းတံပိုး အစုအဝေးကြီးသည် အလွန်ပင် ကြီးမားကျယ်ပြန့်ကာ တစ်နာရီလျှင် ကီလိုမီတာ ၇၅၀ အမြန်နှုန်းဖြင့် ရွေ့လျားမှုကြောင့် ကီလိုမီတာ ၁၃၀၀၀ ခန့်ဝေးသော တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ဗာလ်ပါရေဆိုမြို့ ကမ်းခြေဆီသို့ ၁၈ နာရီ အတွင်းမှာပင် ဆိုက်ရောက်သွားခဲ့သည်။

### မီးတောင်ပေါက်ကွဲမှုကြောင့်ဖြစ်သော လှိုင်းတံပိုးကြီးများ

ကျွန်းများပေါ်ရှိ မီးတောင်ပေါက်ကွဲမှုများကြောင့်လည်း အလွန်ကြီးမားသော လှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာတတ်သည်။ အင်ဒိုနီးရှားနိုင်ငံ ဆူမတြားနှင့် ဂျာဗားကျွန်းအကြားရှိ ဆန်းဒါးရေလက်ကြားဒေသ၌ ပေ ၁၄၀၀ မြင့်သော ‘ကာရာကာတို’ အမည်ရှိ ကျွန်းတစ်ကျွန်း တည်ရှိခဲ့ရာ ထိုကျွန်းပေါ်ရှိ မီးတောင်ကြီးသည် ၁၈၈၃ ခုနှစ် ဩဂုတ်လ ၂၇ ရက်က ပေါက်ကွဲခဲ့သည်။ မီးတောင်ဝမှ အခိုးအငွေ့များ ကာလကြာရှည်စွာ ထွက်ပေါ်နေရာမှ အဆိုပါနှစ် ဩဂုတ်လတွင် ချော်ရည်ပူ ဆူပွက်သံကြီးများ ထွက်ပေါ်လာခဲ့ကာ ဩဂုတ်လ ၂၇ ရက်တွင် အင်အားပြင်းထန်စွာဖြင့် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

နောက်နှစ်ရက်အကြာတွင် အဆိုပါ မီးတောင်ကြီးနှင့်အတူ ကျွန်းကြီးတစ်ခုလုံး ပေါက်ကွဲခဲ့ရာ ပေ ၁၄၀၀ မြင့်သော ကာရာကာတိုကျွန်းကြီးသည် သမုဒ္ဒရာရေအောက် ပေ ၁၀၀၀ ကျော်အထိတိုင် နိမ့်ဆင်းနစ်မြုပ်သွားကာ ကမ္ဘာ့မြေပုံပေါ်မှ အပြီးတိုင် ပျောက်ကွယ်သွားခဲ့သည်။ မီးတောင်ပေါက်ကွဲမှုအရှိန်ကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ မီတာ ၃၀ ကျော် မြင့်မားသော ဧရာမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာကာ ထိုလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းပြီး တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ကိပ်ဟွန်းအငူကို အင်အားပြင်းထန်စွာဖြင့် ရိုက်ခတ်သည်။ ကြောက်မက်ဖွယ်ကောင်းလှသည့် အဆိုပါ လှိုင်းတံပိုးကြီးများသည် ထိုမှတစ်ဆင့် ကိပ်ဟွန်းအငူကို ကွေ့ပတ်ပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ဆက်လက်ဖြတ်သန်းကာ အင်္ဂလိပ်ရေလက်ကြားအထိတိုင် ရောက်ရှိသွားကြသည်။

ကာရာကာတိုကျွန်းပေါ်ရှိ မီးတောင်ပေါက်ကွဲမှုသည် ဟိုက်ဒရိုဂျင်ဗုံး အလုံး ၃၀ ၏ပေါက်ကွဲအားနှင့် ညီမျှပြီး ကမ္ဘာ့သမိုင်း၌ အကျယ်လောင်ဆုံးသော မြည်ဟည်းသံကြီးကို ထွက်ပေါ်လာစေသည်။ ထိုပေါက်ကွဲသံကြီးကို ကီလိုမီတာ ထောင်နှင့်ချီ၍ ဝေးလံသော ဩစတြေးလျ ကုန်းတွင်းပိုင်းဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများမှပင် အတိုင်းသားကြားကြရသည်။ ကျွန်းကြီးတစ်ကျွန်းလုံးကို တစ်စစီ ကြေမွသွားစေကာ ရေအောက်သို့ စုံးစုံးမြုပ်သွားစေခဲ့သော မီးတောင်ပေါက်ကွဲမှုကြီးကြောင့် ဖြစ်ပေါ်လာသည့် လှိုင်းတံပိုးကြီးများသည် အခြားသော လှိုင်းတံပိုးများနှင့် မတူကွဲပြားနေသည့် အချက်တစ်ချက်မှာ တန်ချိန်များစွာသော ချော်ရည်ပူများ ရောနှောနေသောကြောင့် အလွန်ပူလောင်နေခြင်းပင် ဖြစ်သည်။

### ပင်လယ်လှိုင်းကြက်ခွပ်များ၏ အန္တရာယ်

ရေလှိုင်းများဟုဆိုရာတွင် ကမ်းခြေသို့ရိုက်ပုတ်လာသော လှိုင်းအမျိုးမျိုးတို့သာလျှင် အန္တရာယ်ပေးနိုင်သည်မဟုတ်ဘဲ ပင်လယ်ဒီရေနှင့် မြစ်ချောင်းတို့၏ ရေစီးကြောင်းများ ထိပ်တိုက်တွေ့ဆုံရာမှ ဖြစ်ပေါ်လာသော လှိုင်းငယ်များကလည်း အန္တရာယ်ရှိနိုင်သည်ကို သတိပြုသင့်ကြသည်။ ပင်လယ်အတွင်းသို့ စီးဝင်နေသော မြစ်ချောင်းများကြောင့် မြစ်ဝများတွင် ပေါ်ပေါက်တတ်သော လှိုင်းများသည်လည်း လှိုင်းကြက်ခွပ်ဟုခေါ်ဆိုရမည့် လှိုင်းအသေးစားကလေးများပင်ဖြစ်လင့်ကစား ထိုလှိုင်းကြက်ခွပ်ကလေးများက လှေ၊ သမ္ပန်နှင့် သင်္ဘောများကို အန္တရာယ်ကျရောက်စေနိုင်သည်။

ပင်လယ်ဒီရေတက်လာချိန်တွင် ထိုဒီရေဦးတည်ရာလမ်းကြောင်းနှင့် ဆန့်ကျင်ပြီး မြစ်ဝမှတစ်ဆင့် ပင်လယ်ထဲသို့ စီးဝင်လာသော မြစ်ရေစီးကြောင်းများသည် မြစ်ဝရေပြင်ပေါ်၌ လှိုင်းကြက်ခွပ်ကလေးများကို ဖြစ်ပေါ်လာစေသည်ဖြစ်ရာ ထိုနေရာမျိုး၌ ပဲ့ကိုင်ထိန်းချုပ်ပုံ ကျွမ်းကျင်မှုမရှိပါက ကျောက်ဆောင်နှင့်တိုက်မိခြင်း၊ ကျောက်ဆောင်ပေါ်တင်သွားခြင်းတို့မှသည် တိမ်းမှောက်သွားသည်အထိပင် ဖြစ်ပွားနိုင်ခြေရှိသည်။

သာဓကအားဖြင့် စကော့တလန်နိုင်ငံ၏ ပင်လယ်ကမ်းမြှောင်ဒေသအတွင်းသို့ ဝင်ရောက်ဖြတ်သန်းကြမည့် သင်္ဘောများအနေဖြင့် ကမ်းမြှောင်အတွင်း၌ လှိုင်းကြက်ခွပ်များနှင့် ထိပ်တိုက် ရင်မဆိုင်ရမီကတည်းက အစစအရာရာ ကြိုတင်ပြင်ဆင်ထားကြရသည်။ အသင့်ပြင်ဆင်မှုမရှိဘဲ ရုတ်တရက် ကြုံတွေ့လာသည့်အခါမှ သင်္ဘောကို ထိန်းချုပ်ရန်ကြိုးစားမည်ဆိုပါက အလွန်ပင် နောက်ကျသွားလိမ့်မည်ဖြစ်သည်။



၂၀၀၄ ခုနှစ် အင်ဒိုနီးရှားဆူနာမီကြောင့် ပျက်စီးခဲ့သော ဆူမတြားကမ်းခြေအနီးရှိ ရွာတစ်ရွာ (ဓာတ်ပုံ - ဝီကီပီးဒီးယား)

### ဆူနာမီ

ဂျပန်ဘာသာ ဝေါဟာရအနေဖြင့် ဆူနာမီဟု ခေါ်တွင်သော ကြီးမားသည့် လှိုင်းတံပိုးကြီးများသည်လည်း ကမ်းခြေဒေသများအတွက် အလွန်အန္တရာယ်ကြီးသောလှိုင်းများပင် ဖြစ်ကြသည်။ ပင်လယ်နှင့် သမုဒ္ဒရာကြမ်းပြင်ကို ဗဟိုပြု၍သို့တည်းမဟုတ် ယင်းတို့နှင့်နီးကပ်သော နေရာများကို ဗဟိုပြု၍ လှုပ်ခတ်သော အင်အားပြင်းငလျင်ကြီးများကြောင့် ရေအောက်ကြမ်းပြင်၌ ကွဲအက်မှုဖြစ်ပေါ်သည့်အခါ အနီးရှိရေထုကြီးက အက်ကွဲကြောင်းကြီးအတွင်းသို့ သက်ဆင်းကျရောက်သွားကြရသည်။ ထိုအခါ မျက်နှာပြင်နိမ့်ဆင်းသွားသော ရေထုဆီသို့ ဝေးရာအရပ်မှ ရေထုကြီးက အစားထိုးဝင်ရောက်လာကြသည့်အခါ ဆူနာမီ ဖြစ်ပေါ်လာသည်။

ဆူနာမီလှိုင်းတံပိုးကြီးများသည် ကီလိုမီတာ ၁၀၀ မျှ ကျယ်ပြန့်ပြီး ရွေ့လျားနှုန်းကလည်း ဘိုးရင်းလေယာဉ်၏ အမြန်နှုန်းတမျှ ရှိကြသည်။ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ နှုန်းအထိ မြန်ဆန်လှသော ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရွေ့လျားသံကို လူတို့၏ နားအကြားအာရုံက ကြိုတင်မကြားနိုင်သည့်အတွက် လှိုင်းလုံးကြီးများ ကမ်းခြေသို့ ဆိုက်ရောက်လာမှသာ သိရှိကြလေ့ရှိသည်။ သိလိုက်ချိန်တွင် မည်သည့်နည်းနှင့်မျှ ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်တော့ဘဲ ရေနစ် သေဆုံးကြရတော့သည်။ ထို့ကြောင့်ပင် ပင်လယ်ကမ်းစပ်နှင့် အနီးတစ်ဝိုက်၌ နေထိုင်ကြသူများအနေဖြင့် ဆူနာမီသတိပေးချက်များကို အချိန်နှင့်အမျှ သတိတရ နားစွင့်နေကြရမည်သာဖြစ်သည်။

၁၉၆၀ ပြည့်နှစ်က ချီလီနိုင်ငံ ရေအောက်ငလျင်ကြီးကြောင့် ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကြီးကိုဖြတ်သန်းကာ ဂျပန်နိုင်ငံ ဟွန်ရှူးဒေသ မြောက်ပိုင်းကမ်းခြေများဆီသို့ ဆိုက်ရောက်သွားခဲ့သည့်အတွက် လူပေါင်း ၁၃၀ သေဆုံးခဲ့ကြရသည်။ ၁၉၆၄ ခုနှစ်ကလည်း အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်၌ လှုပ်ခတ်ခဲ့သော ငလျင်ကြီးကြောင့် ကယ်လီဖိုနီးယားကမ်းခြေသို့ ဆူနာမီလှိုင်းတံပိုးများ ရိုက်ခတ်ကာ လူ ၁၂၀ နီးပါး အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူ ၁၉၉၈ ခုနှစ်ကလည်း ပါပူအာနယူးဂီနီကမ်းလွန်၌ ရေအောက်ငလျင်ကြီး လှုပ်ခတ်ခဲ့ရာ ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရိုက်ခတ်မှုကြောင့် ပါပူအာနယူးဂီနီ ကမ်းခြေဒေသများ၌ နေထိုင်သော လူပေါင်း ၂၀၀၀ ခန့် ရေနစ် သေဆုံးခဲ့ကြရသည်။

### အင်ဒိုနီးရှားဆူနာမီ

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးဒေသ၌ လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဆူနာမီ လှိုင်းတံပိုးကြီးများသည်လည်း အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဆိုမာလီယားနိုင်ငံတို့၏ ကမ်းခြေအချို့ကို ရိုက်ခတ်ခဲ့သည်။ ရစ်ချ်တာစကေး ၉ ဒသမ ၈ ရှိသော ဘန်ဒါအာချေးငလျင်သည် နှစ်ပေါင်း ၄၀ အတွင်း ကမ္ဘာ့အင်အားအကြီးမားဆုံး ငလျင်ကြီးဖြစ်ကာ ထိုငလျင်ကြီးကြောင့် ဖြစ်ပေါ်သော ဆူနာမီ လှိုင်းတံပိုးကြီးများကြောင့် တောင်အာရှဒေသတွင် လူပေါင်း ၂၈၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

အိန္ဒိယနိုင်ငံတစ်ခုတည်း၌ပင် သေဆုံးသူ စုစုပေါင်း ၁၆၄၀၀ ကျော်ရှိပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဆူနာမီလှိုင်းတံပိုးကြီးများသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် တမီလ်နာဒူးပြည်နယ် ကမ်းရိုးတန်းသို့ ရောက်ရှိခဲ့ပြီး နောက် ၄ နာရီအကြာတွင် ကီရာလာဒေသသို့ ရောက်ရှိလာခဲ့ရာ ကီရာလာဒေသတစ်ခုတည်း၌ ကျေးရွာပေါင်း ၁၆၀ ပျက်စီးသွားခဲ့သည်။ ထို့နောက် ချင်းနိုင်းနှင့် နာဂါပက်တီနမ် ဒေသများကိုပါ မွှေနှောက်ဖျက်ဆီးသွားခဲ့သလို သီရိလင်္ကာနိုင်ငံ ကိုလံဘို၊ ထိုင်းနိုင်ငံ ဘမ်နမ်ခမ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဒေသများ၌လည်း လူ့အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုကို ကြီးမားစွာဖြစ်ပေါ်စေခဲ့သည်။

အင်အားကြီးမားလှသော ဆူနာမီလှိုင်းတံပိုးများ၏ တွန်းတိုက်ရွေ့လျားမှုများကြောင့် အင်ဒိုနီးရှားနှင့် အိန္ဒိယ ကုန်းမြေများသည် ၁၂ စင်တီမီတာမျှ တိုး၍ နီးကပ်သွားခဲ့သည်။ အိန္ဒိယတောင်ပိုင်းကုန်းမြေများက အရှေ့ဘက်သို့ ရွေ့လျားသွားကာ အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကုန်းမြေများက အနောက်ဘက်သို့ အနည်းငယ် ရွေ့သွားသည့်အတွက် ထိုကဲ့သို့ နီးကပ်သွားခြင်းဖြစ်သည်။

### ကမ်းစပ်နှင့် ရေလှိုင်း

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကမ်းခြေသို့ရိုက်ပုတ်လာသော လှိုင်းတို့၏ အရွယ်ပမာဏ၊ ရွေ့လျားရောက်ရှိနှုန်းနှင့် အင်အားတို့အပေါ် မူတည်ပြီး ပင်လယ်ကမ်းစပ်ဒေသများကို သာမောဖွယ်ရာ ကမ်းခြေများအဖြစ် အပန်းဖြေ အနားယူချင်စရာ ဖြစ်စေနိုင်သလို ကြောက်မက်ဖွယ်ရာ ကမ်းခြေများအဖြစ် ဝေးဝေးကရှောင်ချင်စရာ ဖြစ်စေနိုင်သည်ကိုလည်း သတိပြု ဆင်ခြင်နိုင်ကြမည်ဖြစ်သည်။

သမုဒ္ဒရာနှင့် ပင်လယ်တို့၏ နယ်နိမိတ်နှင့် ကုန်းမြေတိုက်ကြီးများ၏ နယ်နိမိတ်တို့ဆုံရာဖြစ်သော ကမ်းခြေဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ ကမ်းစပ်နှင့် ရေလှိုင်းတို့၏ ထိတွေ့ဆုံစည်းမှုများသည် လူသားတို့အပါအဝင် သက်ရှိမျိုးစိတ်များနှင့် ကမ္ဘာမြေ၏ အနာဂတ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေရန် လုပ်ဆောင်လျက်ရှိနေကြသည်။

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပင်လယ်ကမ်းမြှောင်ဒေသများ၏ ကမ်းခြေ၊ ကမ်းစပ်များဆီသို့ ရောက်ရှိလာကြသော လှိုင်းတို့သည် သက်မဲ့ဒြပ်ဝတ္ထုများပင် ဖြစ်ကြသည့်တိုင် ၎င်းတို့ကို ရွေ့လျားရောက်ရှိလာအောင် တွန်းပို့ပေးလျက်ရှိကြသော ပင်လယ်ပြင်၏ အခြေအနေအရပ်ရပ်ကို ပြောပြပေးနေကြသည့်အလား အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကမ်းစပ်များကို ရိုက်ပုတ်လျက်ရှိနေကြသည်။

ကမ်းစပ်သို့ရိုက်ပုတ်လာသော လှိုင်း၏အလျား၊ လှိုင်းထိပ်နှစ်ခု၏ အကွာအဝေး၊ လှိုင်း၏အမြင့်၊ လှိုင်း၏ ရွေ့လျားအမြန်နှုန်း၊ လှိုင်းဖြစ်ပေါ်မှု အချိန်အတိုင်းအတာစသော လှိုင်း၏ အသွင်သဏ္ဌာန် အမျိုးမျိုးတို့မှာ အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိနေကြသည်ဖြစ်ရာ ထိုကဲ့သို့သော အခြေအနေအရပ်ရပ်တို့သည်ပင်လျှင် ကမ်းစပ်၌ နေထိုင်ကြသူများအတွက် ပင်လယ်ပြင်၏ အနေအထားကို အဝေးက ကြိုတင်ထောက်လှမ်း သိရှိနိုင်အောင် လုပ်ဆောင်ပေးလျက်ရှိနေကြခြင်းပင် ဖြစ်ပေတော့သည်။ ။

**“ကာရာကာတိုကျွန်းပေါ်ရှိ မီးတောင်ပေါက်ကွဲမှုသည် ဟိုက်ဒရိုဂျင်ဗုံး အလုံး ၃၀ ၏ပေါက်ကွဲအားနှင့် ညီမျှပြီး ကမ္ဘာ့သမိုင်း၌ အကျယ်လောင်ဆုံးသော မြည်ဟည်းသံကြီးကို ထွက်ပေါ်လာစေသည်၊ ထိုပေါက်ကွဲသံကြီးကို ကီလိုမီတာထောင်နှင့်ချီ၍ ဝေးလံသော ဩစတြေးလျ ကုန်းတွင်းပိုင်းဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများမှပင် အတိုင်းသား ကြားကြရသည်။ ကျွန်းကြီးတစ်ကျွန်းလုံးကို တစ်စစီ ကြေမွသွားစေကာ ရေအောက်သို့ စုံးစုံးမြုပ်သွားစေခဲ့သော မီးတောင်ပေါက်ကွဲမှုကြီးကြောင့် ဖြစ်ပေါ်လာသည့် လှိုင်းတံပိုးကြီးများသည် အခြားသော လှိုင်းတံပိုးများနှင့် မတူကွဲပြားနေသည့် အချက်တစ်ချက်မှာ တန်ချိန်များစွာသော ချော်ရည်ပူများ ရောနှောနေသောကြောင့် အလွန်ပူလောင်နေခြင်းပင် ဖြစ်သည်”**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ ရက်**
**(၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၉)** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၉၉ ခြေဆင်းပါ "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာန"ဟု အစားထိုးရမည်။

# ပထမဆုံး အသည်းအစားထိုး ခွဲစိတ်ကုသသည့် ကလေးငယ် ကျန်းမာရေးတိုးတက်လျက်ရှိ

**ရန်ကုန် မတ် ၂၇**

မြန်မာ အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာအဖွဲ့နှင့် ဂျပန်နိုင်ငံ Kyushu University Hospital တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံး ကလေးအသည်းအစားထိုးခွဲစိတ်ကုသမှုကို မတ် ၁၇ ရက်က ရန်ကုန်ကလေးဆေးရုံကြီး၌ ပြုလုပ်ခဲ့ရာ မတ် ၂၅ ရက်တွင် ကလေးငယ်မှာ ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ဖခင်၏ အသည်းတစ်ခြမ်းဖြင့်**

ရွှေပြည်သာမြို့နယ် လှော်ကားရပ်ကွက်နေ ဦးစောမင်းမင်း၊ ဒေါ်စောမြတ်မွန်တို့၏ သားဖြစ်သူ မောင်ညီညီမင်းဦး(ခ) မောင်ညီညီဖြိုး အသက်ငါးနှစ်မှာ အသည်းခြောက်ရောဂါဝေဒနာတစ်မျိုးကို ခံစားနေရပြီး မွေးရာပါ သည်းခြေပြွန်မပါသဖြင့် နောက်ဆက်တွဲ အသည်းရောဂါဝေဒနာ ခံစားနေရသူလည်းဖြစ်ရာ ဖခင်ဖြစ်သူ၏ အသည်းတစ်ခြမ်းဖြင့် အစားထိုး၍ ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

**ဆေးပညာ တိုးတက်မြင့်မားလာစေရန်**

ရန်ကုန်ကလေးဆေးရုံ(ဟယ်လ်ပင်)မှ ဆေးရုံအုပ် ဒေါက်တာဒေါ်စုစုဒွေးက "ကလေးက မွေးရာပါ သည်းခြေပြွန်မပါတဲ့အတွက် အသည်းခြောက်တဲ့ဝေဒနာ ခံစားနေရသူပါ။ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ပါပြီ။ အခု ကျန်းကျန်းမာမာပါပဲ။ ခွဲစိတ်မှုအတွက် ဆက်လက်ပြီး ကိုယ့်အဖွဲ့အစည်းနဲ့ကိုယ် ရပ်တည်နိုင်အောင် ကြိုးစားနေပါတယ်။ စက်တင်ဘာလမှာ ခွဲစိတ်ဖို့ရှိပါသေးတယ်။ နိုင်ငံတော်က ထောက်ပံ့ပါတယ်။ အချို့သော ခွဲစိတ်ခန်းဝင် ပစ္စည်းကိရိယာတွေ လိုအပ်တာတော့ရှိမယ်။ ဆက်လက်ပြီး မြန်မာ့ဆေးပညာ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

**နိုင်ငံ့ဂုဏ်ဆောင်**

မွေးရာပါ သည်းခြေပြွန်မပါသော ကလေးများနှင့် ရောဂါကြောင့် အသည်းပျက်စီးနေသော ကလေးများကို ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကလေးအသည်းအစားထိုးခွဲစိတ်ကုသမှုကို နောင်တွင် ပုံမှန်ခွဲစိတ်ပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြှင့်တင်နိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်သော လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွန်းလာစေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ကြိုးပမ်းနေကြောင်း သိရသည်။

ယခု ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပြီးနောက် လူနာ မောင်ညီညီမင်းဦးမှာ ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆက်လက်ဆေးကုသမှုခံယူလျက်ရှိပြီး ကျန်းမာရေးတိုးတက်ကောင်းမွန်နေကြောင်းနှင့် မြန်မာအသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာအဖွဲ့နှင့် ဂျပန်ဆရာဝန်ကြီး ဦးဆောင်သော အသည်းအစားထိုးကုသအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာလထဲတွင်လည်း ကလေးငယ်တစ်ဦးကို ထပ်မံ အသည်းအစားထိုး ခွဲစိတ်ကုသသွားရန်ရှိကြောင်း သိရသည်။ **သန်းထိုက်**



အသည်းအစားထိုးခွဲစိတ်ကုသနေမှုကို တွေ့ရစဉ်။

# မြို့လူထု၏အကြံဉာဏ်များဖြင့် မကွေးမြို့ကန်သာကန်ကြီးကို အပန်းဖြေနေရာအဖြစ် လုပ်ဆောင်နေ

**မကွေး မတ် ၂၇**

မကွေးမြို့ အထက(၁)လမ်းဘေးမှ ဧက ၂၀ ခန့်ကျယ်သော ကန်သာကန်ကြီး၏ အတွင်းနှင့်အပြင်ရှိ အမှိုက်သရိုက်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို စက်ယန္တရားများဖြင့် ရှင်းလင်းလျက်ရှိပြီး ကန်သာကန်ကို လူထုအပန်းဖြေနေရာတစ်ခု ဖြစ်လာစေရန် မြို့နေ ပြည်သူလူထု၏ အကြံဉာဏ်များရယူ၍ လုပ်ဆောင်နေကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရား သုံးစီး၊ စည်ပင်သာယာရေးအဖွဲ့မှ မြေသယ်ယာဉ် သုံးစီးနှင့်အတူ ပရဟိတအဖွဲ့များ၊ စိတ်ပါဝင်စားသူ ပြည်သူများက ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကန်သာကန်ပေါင်ကို မူလအကျယ် ၁၀ ပေခန့်မှ ပေ ၄၀ အကျယ်အထိ တိုးချဲ့သွားရန်နှင့် ကန်၏ အရှေ့ဘက်ခြမ်းမှ ရေဝင်ပေါက် ငါးခုကိုလည်း ပိုမိုကောင်းမွန်စေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

"ကန်သာကန်ထဲက အမှိုက်သရိုက်တွေက များနေတဲ့အတွက် ပြည်သူလူထု မျက်စိထဲမှာလည်း အမြင်မတင့်ဘူး ဖြစ်နေတယ်။ နောက်တစ်ခုက လူထုကျန်းမာရေး စောင့်ရှောက်နိုင်ဖို့အတွက်လည်း ရှင်းလင်းပြုပြင်နေခြင်းဖြစ်ပါတယ်။ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်နိုင်ရမယ်။ ကန်ပေါင်ရဲ့ အောက်ခြေပတ်လမ်းမှာလည်း စက်ဘီးစီးပြီး ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်နိုင်အောင် စီစဉ်ထားပါတယ်။ မြို့လူထုရဲ့ အကြံဉာဏ်တွေရယူပြီး ကောင်းသထက်ကောင်းအောင် လုပ်ဆောင်သွားမှာပါ။ ယန္တရားတွေမှာသုံးဖို့ စက်သုံးဆီတော့ အကူအညီလိုနေပါတယ်"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

မတ်လ ၁၃ ရက်က ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ကန်သာကန်ကြီးကို ပြန်လည်တူးဖော်ရန် အစီအစဉ်ရှိမရှိ ကြယ်ပွင့်ပြမေးခွန်းတစ်ခု မေးမြန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးအစိုးရက ကန်သာကန် သာယာလှပရေး ဆောင်ရွက်ရန် အကျိုးတူ လုပ်ဆောင်မည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိကြောင်းနှင့် ပြည်ထောင်စု ထောက်ပံ့ရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ရန်ပုံငွေများ ရရှိမည်ဆိုပါက ပြုပြင်ထိန်းသိမ်းမှုများ ပိုမိုလုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။



ကန်သာကန်ကြီးအပြင်ဘက်ရှိ အမှိုက်များကို စက်ယန္တရားများနှင့် အမှိုက်ကားများသုံး၍ ရှင်းလင်းနေစဉ်။

မကွေးမြို့နေ ပြည်သူအချို့ကမူ မြို့လယ်ရှိ ကန်သာကန်အနီး၌ အေးစေတီဘုရားနှင့် အောင်မြေရတနာစာသင်တိုက်တို့ရှိပြီး ဘုရား၊ ကျောင်း၊ ကန်ဟူသော တင့်တယ်ခြင်းသုံးပါး ပြည့်စုံသောနေရာတစ်ခု ဖြစ်သည့်အပြင် မကွေးမြို့စားမင်းကြီးအား ရေကြည်တော်ဆက်သခဲ့ရာ မင်းကြီးကန်အဖြစ် သမိုင်းလည်း ရှိခဲ့ခြင်းကြောင့် ယခုလို သမိုင်းဝင်နေရာတစ်ခုကို မည်သည့် စီးပွားရေးလုပ်ငန်းရှင်၏လက်ထဲမှ မထည့်လိုကြောင်း ပြောကြားကြသည်။ **ဇေယျတု(မကွေး)**

# ငရုတ်သီး ဈေးကောင်းမရ၍ ပွင့်ဖြူမြို့နယ်မှ တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

**ပွင့်ဖြူ မတ် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များအနက် တစ်ခုဖြစ်သော ငရုတ်သီးများမှာ ယခုနှစ် ဈေးကွက်တွင် ဈေးကောင်းမရသဖြင့် တောင်သူများ တွက်ခြေမကိုက်ဘဲဖြစ်နေကြကြောင်း သိရသည်။ ငရုတ်သီးစိမ်း ဈေးကောင်းမရသဖြင့် ငရုတ်စိုက်တောင်သူများအနေဖြင့် အသီးကို အပင်တွင်အမှည့်ထား၍ ခူးဆွတ်ပြီးမှ ငရုတ်သီးမှည့်အခြောက် ပြုလုပ်ကာ ရောင်းချနေကြရကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ငရုတ်သီးကို ဝါဆိုလမှ စတင်စိုက်ပျိုးခဲ့ရာ ငရုတ်ပေါ်ချိန် အစောပိုင်းတွင်သာ ဈေးကောင်းရရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် ငရုတ်သီးဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀ ဝန်းကျင်သာ ရရှိသောကြောင့် ငရုတ်စိုက်တောင်သူများ အဆင်မပြေဖြစ်နေကြခြင်းဖြစ်သည်။

"ငရုတ်ပေါ်တာက အောက်တိုဘာလကတည်းကပေါ်ပြီး ပထမတစ်ပတ် ခူးတုန်းက တစ်ပိဿာ ကျပ် ၇၀၀ ကျော်ရတယ်။ အဲဒီနောက်ပိုင်း ကျပ် ၄၀၀ နဲ့ ၅၀၀ ကြားပဲရတော့ သိပ်ပြီး တွက်ခြေမကိုက်တော့ဘူး။ ဆေးဖိုးနဲ့ အလုပ်သမားခတောင် မကာမိတော့ဘူး။ တချို့ဆို ခူးနေရင်း ဈေးကထိုးကျသွားတော့ ရပ်ထားတာတွေရှိတယ်။ အေးတဲ့ ရာသီတုန်းကတော့ အလုပ်သမားတွေအနေနဲ့ တစ်နေကုန် ဆွတ်နိုင်တယ်။ အခုနောက်ပိုင်း ရာသီဥတုကပူလာတော့ မနက်ပိုင်းပဲ ဆွတ်နိုင်တော့တယ်။ နောက်ပြီး အလုပ်သမားခတွေက ဈေးတက်လာတော့ ငရုတ်သီးအစိမ်းကို မဆွတ်တော့ဘဲ အပင်မှာပဲ အမှည့်ထားတော့တယ်။ ပြီးမှဆွတ်ပြီး အခြောက်လှန်းထားတဲ့ ငရုတ်သီးခြောက်ကိုပဲ ရောင်းတော့တယ်။ ငရုတ်သီးခြောက်ကို ဖောက်သည်တွေက အိမ်အထိ လာဝယ်တယ်၊ သူတို့က ငရုတ်သီးမှုန့်လုပ်ပြီး ပြန်ရောင်းချကြပါတယ်"ဟု ပွင့်ဖြူမြို့နယ်မှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ဒေသခံများအနေဖြင့် ငရုတ်စိုက်ပျိုးခြင်းမှာ အခြားသီးနှံများမပေါ်ခင် ကြားသီးနှံအဖြစ် အပိုဝင်ငွေရရှိအောင် စိုက်ပျိုးကြခြင်းဖြစ်ပြီး လက်ရှိတွင် ငရုတ်သီးဈေးမကောင်းသဖြင့် အခြောက်လှန်းကာ ငရုတ်သီးခြောက်၊ ငရုတ်သီးမှုန့် ပြုလုပ်ရောင်းချခြင်းဖြင့် ဝင်ငွေပိုရအောင် လုပ်ကိုင်နေကြရကြောင်း သိရသည်။ **ဇူလိုင်မိုး**



ငရုတ်သီးမှည့်များ နေလှန်းထားမှုကို တွေ့ရစဉ်။

# ပုသိမ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ပုသိမ် မတ် ၂၇**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပုသိမ်မြို့၌ ကျင်းပသည်။ သင်တန်းသို့ ကျေးရွာ ၁၈ ရွာမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် သင်တန်းကြီးကြပ် ဦးမင်းနိုင်ထွန်းတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# မင်းတပ်-မတူပီလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မင်းတပ် မတ် ၂၇**

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်-မတူပီကားလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်လမ်းဦးစီးဌာနဦးစီးမှူး ဦးကျော်ဇင်ထွေးနှင့် တာဝန်ရှိသူများက မတ် ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၀၅၁ ဒသမ ၂၅ သန်းဖြင့် မတ် ၂၀ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး လမ်းအရှည်မှာ တစ်မိုင် တစ်ဖာလုံဖြစ်သည်။ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ခရိုင်အုပ်ချုပ်ရေးမှူးက မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဒေသကျော်လွန်ပြီး ရောဂါသယ်ဆောင်ဖြန့်ဖြူးသော အသားငါးများကို ကျန်းမာရေးအသိ သတိဖြင့် ရှောင်ရှား

လင်းဟန်ဇေ၊ ဓာတ်ပုံ - လင်းဟန်ဇေ၊ ပြည့်စိုးအောင်

**မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၃ ခု ရှိသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်း ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့တွင် တည်ရှိပြီး ဟိမဝန္တာတောင်တန်းနှင့် တစ်ဆက်တည်းဖြစ်သည့်အတွက် နို့တိုက်သတ္တဝါ၊ တွားသွားသတ္တဝါများနှင့် ကျေးငှက်မျိုးစုံ ကျင်လည်ကျက်စားသည့် နေရာဖြစ်သည်။ ၁၄၇၂ စတုရန်းမိုင်ကျယ်ဝန်းသည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဧရိယာအတွင်း ဟိမဝန္တာတောင်တန်းများတွင် ကျက်စားသည့် ရေခဲတောင်ဆိတ်၊ သားမင်းစသည့် ရှားပါးသော နို့တိုက်သတ္တဝါများကို မြင်တွေ့နိုင်ပြီး ယင်းဒေသတွင်သာ ကျင်လည်ကျက်စားသည့် ရေပျော်ငှက်များလည်း ရှိသည်။**

နှစ်စဉ် နိုဝင်ဘာလတွင် ဟိမဝန္တာတောင်တန်းကို ကျော်ဖြတ်လာသည့် ကြိုးကြာငှက်များသည် ပူတာအိုလွင်ပြင်၊ နောင်မွန်းလွင်ပြင်များတွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နားခိုပြီးနောက် မြန်မာပြည်အောက်ပိုင်း အင်းတော်ကြီးကန်၊ စစ်ကိုင်းရေမြက်ကြီးအင်းနှင့် မိုးယွန်းကြီးအင်းတို့သို့ ရောက်ရှိသွားသည်။ မြန်မာပြည်အလယ်ပိုင်းနှင့် အောက်ပိုင်းများတွင် အပူချိန်မြင့်လာသည့် မတ်လ လဆန်းပိုင်းတွင် ကြိုးကြာငှက်များသည် အအေးဓာတ်ကျန်သေးသည့် ခါကာဘိုရာဇီ ပတ်ဝန်းကျင် ပူတာအိုလွင်ပြင်၊ နောင်မွန်းလွင်ပြင်များသို့ ပြန်လည်ရောက်ရှိလာကြသည်။

ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော်မပျံသန်းမီ ထိုလွင်ပြင်များတွင် တစ်လခန့် အချိန်ယူ၍ အစာရေစာဝဝလင်လင်ဖြစ်အောင် နားခိုစားသောက်ကြသည်။ ဟိမဝန္တာတောင်တန်းအမြင့်ကြီးကို ဖြတ်ကျော်ပျံသန်းနိုင်ရန်အတွက် အရှိန်ယူပြီး အပျံလေ့ကျင့်ကြသည်။ ကြိုးကြာငှက်များ ပျံသန်းသည့်အခါ မြားပစ်သကဲ့သို့ ရှေ့မှတစ်ကောင်က ဦးဆောင်ပျံသွားပြီးမှ နောက်တစ်ကောင်နှင့် အစုလိုက် အဖွဲ့လိုက် ဘေးကနေဖြန့်ပြီး လေဟုန်ကိုစီး ပျံသန်းလေ့ရှိသည်။



**ဦးအောင်မောင်း၊ အုပ်ချုပ်ရေးမှူး**
**ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်**

ကြိုးကြာငှက်တွေဟာ ကမ္ဘာ့မြောက်ခြမ်း ဆိုက်ဘေးရီးယားမှာ ရေခဲပြီး အစာရေစာ မရှိတဲ့အချိန် လာရတဲ့ ငှက်တွေဖြစ်တဲ့အတွက် ဒီငှက်တွေမှာ ရောဂါမျိုးစုံပါလာနိုင်ပါတယ်။ မြန်မာပြည်အလယ်ပိုင်းမှာ ဖြစ်နေတဲ့ ကြက်ငှက်တုပ်ကွေးလို ရောဂါနဲ့ ဝက်ဝမ်းကျရောဂါမျိုးတွေ ရှိတဲ့အရာကို ဒီငှက်တွေက စားခဲ့မိရင် ရောဂါပိုးကို သယ်လာသလိုဖြစ်ပြီးတော့ ဒီဘက်ဒေသမှာ အဲဒီငှက်တွေကို ဖမ်းဆီးပြီး စားမယ်ဆိုရင် ဒီဒေသအတွက် ရောဂါတွေ ပြန့်ပွားလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီကြိုးကြာငှက်တွေ ပူတာအိုဒေသကို ရောက်လာတဲ့အချိန်မှာ စာသင်ကျောင်းတွေနဲ့ ဈေးတွေမှာ ဒီဆောင်းခိုငှက်တွေက ရောဂါဖြန့်ဖြူးနိုင်တဲ့အတွက် စားသုံးရန်မသင့်ကြောင်း ဌာနအနေနဲ့ လိုက်လံပညာပေး ဆောင်ရွက်နေပါတယ်။

ဒီဒေသက ဒေသခံတိုင်းရင်းသားတွေကို စာသင်ကျောင်းတွေ ဖွင့်တဲ့အချိန်တွေမှာ အထက်တန်းကျောင်းနဲ့ အလယ်တန်းကျောင်းတွေမှာ လစဉ်ဝန်ထမ်းတွေက ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒီဒေသမှာ ရှိနေတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ ဧရာဝတီမြစ်ရဲ့ရေဦးရေဖျား တောတောင်တွေကို ထိန်းသိမ်းဖို့၊ တောတွေ တောင်တွေ ရှိမှသာလျှင် ဒီမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေ ကျင်လည်ကျက်စားနိုင်မှာ ဖြစ်တဲ့အတွက် တောတောင်ထိန်းသိမ်းရေးနဲ့ တိရစ္ဆာန်ထိန်းသိမ်းရေးကို ပူးပေါင်းပြီး ပညာပေးလုပ်ငန်းတွေ လုပ်သလို ချောင်းတွေကို ပျက်စီးနိုင်တဲ့ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်ကင်းစင်ရေး၊ ပလတ်စတစ် ကြွပ်ကြွပ်အိတ်ကြောင့် ချောင်းတွေမှာ ရေတွေ ညစ်ညမ်းသွားမယ်၊ လူတွေကို ရောဂါရနိုင်တယ်ဆိုတဲ့ ရေဝေထိန်းသိမ်းရေး၊ သစ်တောထိန်းသိမ်းရေး၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဒီလို သုံးချက်ကို ဟောပြောပွဲတိုင်းမှာ ထည့်သွင်းပြီး ကျောင်းတွေမှာ လှည့်လည်ပညာပေး ဟောပြောပါတယ်။

တောရိုင်းတိရစ္ဆာန်တွေ ထိန်းသိမ်းဖို့ ဆိုတာကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ဖို့ လိုအပ်သလို သွားရေးလာရေးခက်ခဲပြီး ငွေကြေးသုံးစွဲဖို့ အကျပ်အတည်းရှိတဲ့ ဒီလိုဒေသမှာ NGO တွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်စတင်တည်ထောင်တဲ့ ၂၀၀၂ ခုနှစ်က စပြီးတော့မှ WCS ဆိုတဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ) အစီအစဉ်အနေနဲ့ သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ပညာပေးလုပ်ငန်းတွေရော၊ ထိန်းသိမ်းရေးလုပ်ငန်းတွေရော ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။



**ဦးကျော်ကျော်ဟန်၊ တောအုပ်**
**ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်**

ကမ္ဘာပေါ်တွင် ကြိုးကြာငှက် ၁၅ မျိုးခန့်ရှိပြီး မြန်မာနိုင်ငံမှာ Common Crane ဆိုတဲ့ ကြိုးကြာ၊ Sarus Crane ဆိုတဲ့ ကြိုးကြာ၊ Black Necked Crane နဲ့ Demoiselle Crane ဆိုတဲ့ ကြိုးကြာလေးမျိုး တွေ့ရပါတယ်။ Sarus Crane ကတော့ ဒေသမှာ အမြဲတမ်းတွေ့နိုင်တဲ့ ကြိုးကြာမျိုးစိတ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှာ တွေ့နိုင်တယ်။ အင်းတော်ကြီးအင်းနေရာမျိုးတွေမှာလည်း တွေ့နိုင်ပါတယ်။ Common Crane ဆိုတာကတော့ ဒေသအလိုက် ရွှေ့ပြောင်းသွားလာတဲ့ ဆောင်းခိုငှက်တွေ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ဆောင်းခိုငှက်တွေ ပျံသန်းရာလမ်းကြောင်း ခုနစ်ခုရှိတဲ့အနက် မြန်မာနိုင်ငံထဲကို Central Asian Fly Way နဲ့ East Australian Fly Way ဆိုတဲ့ ပျံသန်းရာလမ်းကြောင်း နှစ်ခုနဲ့ ဝင်လာပါတယ်။ ဆောင်းခိုငှက်တွေ ရောက်လာမှုနဲ့ပတ်သက်ပြီး ဓာတ်ပုံမှတ်တမ်းယူတယ်။ ဈေးတွေမှာ ဆောင်းခိုငှက်တွေ သတ်ဖြတ်ရောင်းချတာမျိုး မရှိအောင် ပညာပေးတဲ့အလုပ်တွေ လုပ်ဆောင်နေပါတယ်။ ပြီးခဲ့တဲ့လတွေက အလယ်ပိုင်းက အင်းတချို့မှာ ငှက်တွေ ငါးဆိပ်ချတာနဲ့ပတ်သက်ပြီးတော့ သတ်ဖြတ်မှုတွေ ရှိနေတဲ့အတွက် ပူတာအိုအတွင်းမှာလည်း အဲဒါမျိုးမဖြစ်အောင် အဓိကထိန်းသိမ်းကြပ်မတ်နေပါတယ်။ မြန်မာနိုင်ငံကို ဝင်လာတဲ့ ကြိုးကြာငှက်တွေ အများစုက အရွယ်ရောက်ပြီးသားတွေဖြစ်ပြီး အရင်နှစ်တွေက ကောင်ရေ လေးသောင်းနဲ့ အထက်ရှိမယ်လို့ ပညာရှင်တစ်ဦးက ခန့်မှန်းထားပါတယ်။ ဒီနှစ်ကတော့ လက်ရှိ ဓာတ်ပုံမှတ်တမ်းတွေ အရရော၊ အုပ်စုလိုက် ရေတွက်ခြင်းအနေနဲ့ မှတ်တမ်းတင်ထားတာအရ ကောင်ရေ တစ်သောင်းလောက်ပဲ ရှိမယ်လို့ခန့်မှန်းရပါတယ်။ ကြိုးကြာငှက်တွေက ဟိမဝန္တာကို ကျော်ဖို့ ပူတာအိုလွင်ပြင်က မြက်ခင်းပြင်တွေနဲ့ ရေပြင်တွေမှာ အင်းဆက်တွေ၊ ကောက်ပဲသီးနှံ အကြွင်းအကျန် အစာအာဟာရတွေကိုစားပြီး အားတင်းတဲ့သဘောပါပဲ။

**မနင်းဆားရ်စီ (ဒေသခံတစ်ဦး)**

ကျွန်မတို့ ငယ်ငယ်ကတည်းက ဒီလိုအကောင်တွေ၊ ကြက်ငှက်တွေကို စားလာတော့ သိပ်မထူးဆန်းပါဘူး။ ဒီကမဟုတ်တဲ့ ဧည့်သည်တွေအတွက်တော့ အထူးအဆန်းပေါ့။ အဖေနဲ့ အဘိုးတို့တုန်းကဆို တစ်ခါတလေ ကိုယ်တိုင် အရှာထွက်ရသေးတာ။ ဒါပေမယ့် ဒီနေ့ခေတ်က ရောဂါအသစ် အသစ်တွေပေါ်နေတော့ ကြောက်စရာတော့ ကောင်းတယ်။ ကျွန်မကလေးတွေကိုတော့ အသားထက် ငါးနဲ့အသီးအရွက်တွေပဲ ပိုကျွေးဖြစ်တယ်။ တစ်ခုခုဖြစ်ရင် ကိုယ်ကျွေးမိတာကြောင့်လို့ ဖြစ်မှာစိုးလို့။ ငါးကတော့ အသားထက်ပိုပြီး ရောဂါကင်းမယ်ထင်တယ်။ ဒီမှာက ရောဂါဖြစ်ရင် ကုသဖို့ သွားလာရဝေးတယ်။ လက်ရှိတော့ စားစရာ အပင်တချို့ စိုက်ထားတယ်။ ကိုယ်တိုင်စိုက်တဲ့ဟာဆိုတော့ ပိုစိတ်ချရတယ်။ တိရစ္ဆာန်တော့ အခုမမွေးဖြစ်တော့ဘူး။ သံယောဇဉ်တွယ်ရတယ်လေ။ သူတို့တစ်ခုခုဖြစ်ရင် ကိုယ်ပါစိတ်မကောင်းဖြစ်ရတယ်။ ငယ်ငယ်က မသိတော့ အကုန်စားတာပါပဲ။ အခု အသက်ကြီးလာတော့ တချို့အသားတွေ၊ အကောင်တွေ ရောင်းတာမြင်ရင် သနားမိတာနဲ့ မစားဖြစ်တော့ပါဘူး။



**မနင်းဆားရ်စီ (ဒေသခံတစ်ဦး)**



ပူတာအိုလွင်ပြင်၌ ဆောင်းခိုငှက်များ ခရီးတစ်ထောက်နားခိုကြစဉ်။

ဆောင်းခိုငှက်များသည် ကမ္ဘာ့မြောက်ဖျားမှ အာဆီယံနိုင်ငံများတွင် နိုဝင်ဘာလမှ မတ်လအထိ ဆောင်းခိုကြသည်။ ထိုကာလအတွင်း ဟိမဝန္တာတောင်တန်း အရှေ့ပိုင်း၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်းကျင်မှာရှိသည့် ဆောင်းခိုငှက်မျိုးစိတ်များ၊ မျိုးစိတ်အသစ်များ နောက်ထပ်မည်မျှ ကျရောက်ကျက်စားမည်ဆိုသည်ကို သိနိုင်စေရန် ယခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ ဆောင်းခိုငှက်စာရင်းကောက်ယူခဲ့ရာ ငှက်မျိုးစိတ် ၆၁ မျိုးကို လေ့လာတွေ့ရှိခဲ့သည်။

အဓိကအရေးကြီးသည့် ငဟစ်ဝမ်းဖြူ (White Bellie Heron)ဆိုသည့် ငှက်မျိုးစိတ်တစ်မျိုးရှိပြီး အိန္ဒိယ၊ ဘူတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ ငါးနိုင်ငံတွင်သာ ရှိသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ကောင်ရေ ၂၄၉ ကောင်သာရှိပြီး ခါကာဘိုရာဇီနှင့် ဆက်စပ်တောင်တန်း သစ်တောများ၊ တောင်ပိုင်းတိုးချဲ့ဧရိယာနှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများအတွင်း နှစ်နေရာ၌ ကျင်လည်ကျက်စားမှုများကို မှတ်တမ်းတင်ထားပြီး ဖြစ်သည်။

ထို့ပြင် တောဘဲမန်ဒါလီ(White Winged Duck) သည် ခါကာဘိုရာဇီဒေသ၊ ပူတာအိုခရိုင်အတွင်း ယခုနှစ်တွင် မှတ်တမ်း အသစ်ရရှိသည့် ငှက်မျိုးစိတ်ဖြစ်သည်။ ယခင်က ဟူးကောင်းချိုင့် ဝှမ်းဒေသနှင့် ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် ကျက်စားဒေသအဖြစ် မှတ်တမ်းရရှိဖူးသည်။

ပူတာအိုဒေသသို့ ငှက်နှင့်ပတ်သက်သော သုတေသနအဖွဲ့များ၊ လေ့လာရေးနှင့် ထိန်းသိမ်းရေးအဖွဲ့များ မလာရောက်နိုင်သေးသော်လည်း ငှက်ကြည့်လေ့လာသင်တန်းနှင့် ငှက်စာရင်းကောက် လေ့လာသင်တန်းများတက်ထားသည့် ဝန်ထမ်းများက သားငှက်ထိန်းသိမ်းရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် ငှက်များကို မှတ်တမ်းတင်ခြင်း၊ မည်မျှရှားပါးလာသည်၊ မည်မျှပွားများလာသည်၊ လျော့ကျမှုရှိလာသည် ဆိုသည်ကို လစဉ်အလှည့်ကျ ကွင်းဆင်းဆန်းစစ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ခါကာဘိုရာဇီဥယျာဉ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် တောထဲတွင် တိရစ္ဆာန်များ အဝင်အထွက်ရှိသည့် နေရာများတွင် ကင်းစခန်းများချထားပြီး ကင်းစခန်းတစ်ခုတွင် ဝန်ထမ်းငါးဦးမှ ခုနစ်ဦးအထိ တာဝန်ထမ်းဆောင်လျက် ရှိသည်။

သစ်တောသုတေသနဌာနနှင့် နိုင်ငံတကာသုတေသနအဖွဲ့အစည်းများမှ ပညာရှင်များ ပူးပေါင်းပြီး ငှက်၊ နို့တိုက်သတ္တဝါ၊ အပင်၊ အခွံမာပိုးတုန်းနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများလည်း လုပ်ဆောင်လျက်ရှိသည့်အပြင် ရေခဲတောင်တွင် တွေ့ရသောငါးမျိုးစိတ်လေ့လာသည့် သုတေသနလုပ်ငန်းများကိုလည်း စတင်လုပ်ဆောင်နေပြီ ဖြစ်သော်လည်း မှတ်တမ်းတင်ပြီး စာအုပ်ထုတ်နိုင်သည့် အဆင့်အထိ မရောက်ရှိသေးပေ။ NGO အဖွဲ့များဖြင့် ပူးပေါင်းပြီး ကင်မရာထောင်ချောက်ဖြင့် တောင်ဆိတ်၊ ရေခဲတောင်ဆိတ်၊ သားမင်း၊ ပန်ဒါနီ စသည့်နို့တိုက်သတ္တဝါများ၏ ဓာတ်ပုံများကို မှတ်တမ်းတင်နိုင်ပြီဖြစ်သည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တွင် ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ၆၃ ဦးရှိသော်လည်း လက်ရှိ တာဝန်ထမ်းဆောင် လျက်ရှိသည့် ဝန်ထမ်း ၂၃ ဦးနှင့် ဒေသခံကင်းသားနေ့စားလေးဦးအပါအဝင် စုစုပေါင်းဝန်ထမ်း ၂၇ ဦးဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ။



ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော်လာသည့် ကြိုးကြာငှက်များ။

# မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၂၇။ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များ၊ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၂၈။ ပုဒ်မ ၂၂ ပါ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုကို ပြည်တွင်း၊ ပြည်ပ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများထံမှ ရယူနိုင်သည်။

၂၉။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ ပါ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုကို ဝန်ကြီးဌာနထံမှဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများထံမှဖြစ်စေ ရယူနိုင်သည်။

၃၀။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ရင်းနှီးတည်ဆောက်သူများသည် ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်ပညာရှင် အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုတို့ထံမှ သဘောထားကို ရယူပြီး လိုအပ်သလို ထည့်သွင်းစဉ်းစားရမည်။

၃၁။ ဗဟိုကော်မတီသည် ပုဒ်မ ၂၆ အရ ဆန်းစစ်ပြီးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ စီမံကိန်းအတည်ပြုချက် ရယူရမည်။

၃၂။ ဒေသဆိုင်ရာကော်မတီသည် ပုဒ်မ ၂၆ အရ ဆန်းစစ်ပြီးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ စီမံကိန်းအတည်ပြုချက် ရယူရမည်။

### အခန်း (၉)
### ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း

၃၃။ ဗဟိုကော်မတီသည် သက်ဆိုင်ရာဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိစေသည့် အချက်အလက်များကို အခြေခံပြီး ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများအား အနည်းဆုံး ၅ နှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန် ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာကော်မတီသို့ ညွှန်ကြားနိုင်သည်။

၃၄။ ဒေသဆိုင်ရာကော်မတီသည် သက်ဆိုင်ရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိစေသည့် အချက်အလက်များအပေါ် အခြေခံပြီး ပုဒ်မ ၂၄ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများအား အနည်းဆုံး ၅ နှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ရေးဆွဲခြင်း ပြုလုပ်ရမည်။

၃၅။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီတစ်ရပ်ရပ် သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ အရ စီမံကိန်းများကို ပြန်လည်ပြင်ဆင်ရန် ညွှန်ကြားချက်ရရှိပါက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြန်လည်ရေးဆွဲခြင်း ပြုလုပ်ရမည်။

၃၆။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီတစ်ရပ်ရပ် သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်းများအား ပြင်ဆင်ပြီးပါက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှ စီမံကိန်းအတည်ပြုချက် ပြန်လည်ရယူရမည်။

### အခန်း (၁၀)
### ဇုန်သတ်မှတ်ခြင်းနှင့် မြေအသုံးချမှု ပြောင်းလဲခြင်း

၃၇။ သက်ဆိုင်ရာ စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် မြို့နယ်နိမိတ်အတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းများပါ မြေအသုံးချမှုအလိုက် ဇုန်အမျိုးမျိုးကို သတ်မှတ်ဖော်ပြနိုင်သည်။

၃၈။ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကို မြို့နယ်နိမိတ်၏ပြင်ပတွင် ဆောင်ရွက်ရန် လိုအပ်ပါက ရင်းနှီးတည်ဆောက်သူသည် မြေအသုံးချမှုပြောင်းလဲနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အစိုးရအဖွဲ့ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၃၉။ ရင်းနှီးတည်ဆောက်သူသည် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကို အသုံးပြုမည်ဆိုပါက မြေအသုံးချမှု ပြောင်းလဲနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအစိုးရအဖွဲ့ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

### အခန်း (၁၁)
### ဘဏ္ဍာငွေအရင်းအမြစ်များ

၄၀။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပါက အောက်ပါ ဘဏ္ဍာငွေအရင်းအမြစ်များ ရယူနိုင်သည် -

(က) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ၊

(ခ) ပြည်တွင်း၊ ပြည်ပ ချေးငွေများ၊

(ဂ) ပြည်ပမှ ထောက်ပံ့ငွေ၊

(ဃ) အာမခံစာချုပ် ရောင်းချခြင်းမှ ရငွေများ၊

(င) အစိုးရ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ၊

၄၁။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များသည် အများပြည်သူအကျိုးငှာ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပုဒ်မ ၄၀ ပါ ဘဏ္ဍာငွေများကို အသုံးပြု၍ မြို့ပြဖွံ့ဖြိုးရေးအရန်မြေအဖြစ် ရယူထိန်းသိမ်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

### အခန်း (၁၂)
### ဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း

၄၂။ ရင်းနှီးတည်ဆောက်သူသည် ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၃။ သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ စိစစ်ရမည်။

(က) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်လိုသည့် တည်နေရာနှင့် စပ်လျဉ်း၍ ချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ စံချိန်စံညွှန်းများ၊

(ခ) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်လိုသည့် တည်နေရာနှင့် သက်ဆိုင်သော သီးခြား စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များ၊

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် ကန့်ကွက်မှု ရှိလျှင် ကန့်ကွက်သူများ၏ တင်ပြချက်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်

၄၄။ သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၄၃ အရ လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီး သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွံ့ဖြိုးရေး စီမံကိန်းခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၅။ ရင်းနှီးတည်ဆောက်သူသည် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

### အခန်း (၁၃)
### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၆။ ဝန်ကြီးဌာနသည် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးတည်ဆောက်သူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) မှားယွင်းချက်များကို ပြင်ဆင်ဆောင်ရွက်စေခြင်း၊

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ခြင်း၊

(ဃ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(င) ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း။

### အခန်း (၁၄)
### အယူခံခြင်း

၄၇။ (က) သက်ဆိုင်ရာ စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီက ပုဒ်မ ၄၄ အရ ချမှတ်သော ဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုမိန့်နှင့် စပ်လျဉ်းသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဒေသဆိုင်ရာကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ဒေသဆိုင်ရာကော်မတီသည် စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ (က) ဒေသဆိုင်ရာကော်မတီမှ ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ) အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် ဒေသဆိုင်ရာကော်မတီ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၉။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

### အခန်း (၁၅)
### တားမြစ်ချက်များ

၅၀။ မည်သူမျှ စီမံကိန်းအတည်ပြုချက် ရယူထားခြင်း မရှိသော မည်သည့်ဖွံ့ဖြိုးရေး စီမံကိန်းကိုမျှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုရ။

၅၁။ မည်သူမျှ အတည်ပြုထားသော ဖွံ့ဖြိုးရေးစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခွင့်ပြုသည့်နေရာမှအပ အခြားမည်သည့်နေရာတွင်မျှ တိုးချဲ့ ဆောင်ရွက်ခြင်း မပြုရ။

၅၂။ မည်သူမျှ အတည်ပြုထားသော ဖွံ့ဖြိုးရေးစီမံကိန်းပါ အကြောင်းအရာ၊ အချက်အလက်များကို ပြောင်းလဲဆောင်ရွက်ခြင်း မပြုရ။

### အခန်း (၁၆)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၃။ မည်သူမဆိုပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆိုပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

### အခန်း (၁၇)
### အထွေထွေ

၅၆။ မြို့ပြဖွံ့ဖြိုးရေး သဘောထားစီမံကိန်း၊ ပင်မမြို့ပြစီမံကိန်း သို့မဟုတ် အသေးစိတ်မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းနှင့် အမွေအနှစ်များအပေါ် အကျိုးသက်ရောက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်တို့ကို အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ရမည်။

၅၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်၊ ဒေသဆိုင်ရာ ကော်မတီဝင် တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် ဗဟိုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာကော်မတီ သို့မဟုတ် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီများသည် လုံခြုံရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၅၉။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ စကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်း ပေးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

(ဃ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(င) သက်ဆိုင်ရာစီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၆၁။ ဤဥပဒေမတိုင်မီ ထုတ်ပြန်ခဲ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်းမိတ်သစ် Customer များအား CB Bank ကမာရွတ်(ဂျပ်ဆင်တာဝါ) ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## ကမာရွတ် (ဂျပ်ဆင်တာဝါ)ဘဏ်ခွဲ

အမှတ်(၅၈၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Tel : (95) **01 539 492**
Fax : (95) **01 539 554/ 539 756/ 539 845**
Email : **kamaryut-jst-br@cbbank.com.mm**

ပြည်သူ့အတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဝန်ဆောင်မှုပေးလျက်ရှိသော နိုင်ငံပိုင်သတင်းစာ စာ ➢ ၈၊၉

လှိုင်းဘွဲ့မြို့နယ်တွင် သစ်ခွဲစက် ၁၅ လုံး၊ တရားမဝင် သစ်မျိုးစုံ ၁၇၁၇ လုံးနှင့် သစ်ခွဲသားမျိုးစုံ ၄၆ တန်ခန့် ဖမ်းဆီးရမိ စာ ➢ ၁၃

ဟားမားစ်တို့က အစ္စရေးနိုင်ငံအား တိုက်ခိုက်မှုမရပ်လျှင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အစ္စရေး သံအမတ်ကြီးပြော စာ ➢ ၁၄



(၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် မတ် ၂၇ ရက် ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ပန်းခြံ၌ ရောင်စုံမီးများ လှပစွာထွန်းထားမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-အာကာစိုး

# အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ရန်ကုန် မတ် ၂၇**

၂၀၁၉ အာရှ ယူ-၂၃ ဘော်လီဘော ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အာရှဘော်လီဘောအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် လက်ခံကျင်းပခွင့်ရခြင်း ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ် လက်ခံကျင်းပခဲ့သည်။ ယခုနှစ်ပြိုင်ပွဲကို အသင်း ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အချို့ဇုန်များမှာ လက်ရွေးစင်ပွဲ ပြီးစီးခြင်းမရှိသေးသောကြောင့် အသင်းများ ထွက်ပေါ်လာခြင်း မရှိသေးပေ။



အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၅ အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-ကိုကိုစိုးညွန့်

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို မတ် ၂၆ ရက်က ပြုလုပ်ခဲ့ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ကျရောက်ခဲ့သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် မြန်မာ၊ ဩစတြေးလျ၊ သီရိလင်္ကာ၊ အရှေ့အာရှဇုန်မှတစ်သင်း (ဟောင်ကောင်၊ မကာအို)၊ အုပ်စု(ခ) တွင် ကာဇက်စတန်၊ အနောက်အာရှဇုန်မှ တစ်သင်း(ဘာရိန်း၊ ဆော်ဒီ၊ ပါလက်စတိုင်း၊ ကာတာ၊ ကူဝိတ်၊ အီရတ်၊ ယူအေအီး)၊ ဂျပန်၊ ဗီယက်နမ်၊ အုပ်စု(ဂ) တွင် တရုတ်(တိုင်ပေ)၊ ပါကစ္စတန်၊ အနောက် အာရှဇုန်မှ နှစ်သင်း (ဘာရိန်း၊ ဆော်ဒီ၊ ပါလက်စတိုင်း၊ ကာတာ၊ ကူဝိတ်၊ အီရတ်၊ ယူအေအီး)၊ အုပ်စု(ဃ)တွင် တရုတ်၊ နယူးဇီလန်၊ ထိုင်း၊ အလယ်ပိုင်းဇုန်မှ တစ်သင်း(အိန္ဒိယ၊ တာ့ခ်မင်နစ္စတန်) တို့ ပါဝင်နေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❄

# တရုတ်ဖိတ်ခေါ် ယူ-၁၆ ပြိုင်ပွဲ မြန်မာ ယူ-၁၆ အသင်း ယှဉ်ပြိုင်မည်

ရန်ကုန် မတ် ၂၇

**တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် တရုတ်ဖိတ်ခေါ် ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာယူ-၁၆ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းလေးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။**

ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းအပြင် မြန်မာ၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်မည် ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစားရမည် ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဧပြီ ၆ ရက်တွင် တရုတ်အသင်း၊ ဧပြီ ၈ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ ဧပြီ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မတ်လ တတိယပတ်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား တာကူမူက ကိုင်တွယ်လျက်ရှိသည်။

မြန်မာအသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် အာရှ ယူ-၁၆ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသော်လည်း အတွေ့အကြုံရစေရန် ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅



**မြန်မာ ယူ-၁၅ အသင်းနည်းပြချုပ် တာကူမူ။** ဓာတ်ပုံ-စိုးညွန့်

အသင်းသည် မူလက ဧပြီနောက်ဆုံးပတ်တွင် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲ

*စာမျက်နှာ ၁၂ ကော်လံ ၅* ◆

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
Prof Sarbjit Singh
Emeritus Patron
M.B.B.S (SG), F.R.C.S (Edin), F.R.C.S (Glasgow), F.A.M.S (Ortho)
Fellowship in Ortho Surgery (Toronto, Canada)
Adjunct Professor, SIM University
ဧပြီလ (၄)ရက် မှ (၇)ရက်နေ့ထိ
Only JCIA Hospital In Myanmar

မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်း ရောဂါရှာဖွေကုသခြင်း (Arthroscopy)
အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုး ခွဲစိတ်ကုသခြင်း
Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
အခြားအရိုးရောဂါများကို ကုသခြင်း
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁
facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com